www.dhammadownload.com

ဦးလှခင် (ဆန်းညွန့်ဦး) သည်

လူကြီးလူငယ်အရွယ်မရွေးဖတ်ရှုနိုင်ကြရန်

ခေတ်သုံးစကားပြေဖြင့်ရေးသားစီစဉ်အပ်သော

# ငါးရာ့ငါးဆယ် နိပါတ်တော်

လက်ရွေးစင်ဝတ္ထုများ

အမှတ် ၈

ဘုရားလောင်း၏ ပါရမီတော်များ

## ဒါနပါရမီ၊ သီလပါရမီ

ဇာတ်ဝတ္ထုပေါင်း (၁၁) ပုဒ်

(ပဌမအကြိမ်)

www.dhammadownload.com

သက်သာစာစဉ် အမှတ် ( ၈ )

ဦးလှခင် (ဆန်းညွန့်ဦး) စီစဉ်သော

ခေတ်သုံးစကားပြေ

# ငါးရာ့ငါးဆယ်

နိပါတ်တော်

လက်ရွေးစင် ဝတ္ထုများ

**ဘုရားလောင်း ၏ ပါရမီတော်များ**

ဒါနပါရမီ — သီလပါရမီ

(ဇာတ်ဝတ္ထုပေါင်း ၁၁ ပုဒ်)

ပြည်လုံးကျွတ် ဖြန့်ချိရေး

ဒေါ်အေးတင်နှင့်သားများ
စကြာအေးစာပေ

အမှတ် ၂၂၄-၃၈ လမ်း၊
ရန်ကုန်မြို့။

တင်တင်အေး
ပိဋကတ်စာပေ ဖြန့်ချိရေးဌာန
အမှတ် ၁၄၊ ရွှေတိဂုံဘုရားကြီး
တောင်ဘက်ဈေးတော်ရုံ
ရန်ကုန်မြို့။

F-1 (ပဌမအကြိမ်)

www.dhammadownload.com

■ စာမူခွင့်ပြုချက်အမှတ် — ၃၁/၉၃ (၁)

■ မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၈၄/၉၃ (၁)

■ ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ (စတုတ္ထအကြိမ်)

■ အုပ်ရေ — ၁၀၀၀

■ တန်ဖိုး — —ကျပ်

■ အဖုံးရိုက် — ဦးရွှေထွန်းအောင် (၀၂၀၇)
လုပ်အားပုံနှိပ်တိုက်၊
အမှတ် ၅၊ လမ်း ၁၀၀၊ ရန်ကုန်မြို့

■ ထုတ်ဝေသူ — ဒေါ်တင်တင်အေး
(၀၂၀၃၃)
တင်တင်အေး ပိဋကတ်စာပေ၊ အမှတ် ၁၄
ရွှေတိဂုံဘုရားဈေးတော်ရုံ၊ ရန်ကုန်မြို့

■ ပုံနှိပ်သူ — ဒေါ်ခင်စီ (၀၁၄၈၀)
မေတ္တာမိုး ပုံနှိပ်တိုက်၊
အမှ ၂၂၊ မဟာဝိဟာရလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့

www.dhammadownload.com

# အာသီသ

## နိဒါန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ငါးရာ့ ငါးဆယ် ဇာတ်တော်များသည်
မြန်မာ့ ယဉ်ကျေးမှု၏ ရေသောက်မြစ်ဖြစ်၏။
လောကီအကျိုးကိုလည်း တိုးပွားစေ၏။
လောကုတ္တရာ အတွက်လည်း အကျိုးများ၏။
ကျောင်းသားအရွယ် သားငယ်၊ သမီးငယ်များ
သားလိမ္မာ၊ သမီးလိမ္မာများ ဖြစ်ကြစေရန်၊
ခေတ်သုံး စကားပြေဖြင့် စီရင်ရေးသားပြီး
လူကြီး လူငယ် မရွေး ဖတ်ရှုနိုင်ကြစေရန်၊
ဆင်းရဲချမ်းသာမရွေး ဖတ်ရှုနိုင်ကြစေရန်၊
သင့်လျော်ရာ ဇာတ်ဝတ္ထုများကို၊
"လက်ရွေးစင်" အဖြစ် ရွေးချယ်ကာ
စိတ်ဝင်စားဖွယ်ရာ သရုပ်ဖော်ပုံများနှင့်အတူ
ထုတ်ဝေပါသည်။

●

www.dhammadownload.com

# မှီငြမ်းကျမ်းပြုချက်များ

(၁) မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော် ပြန်ဆိုရေးသားတော်မူသော ငါးရာ့ငါးဆယ် ဇာတ်တော်ကြီး ဝတ္ထု (ငါးတွဲ)၊ ဂန္ဓမာပုံနှိပ်တိုက်၊ ၁၉၆၈ ခုနှစ်။

(၂) မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော်၊ သုဓမ္မဝတီ (ငါးတွဲ)၊ သုဓမ္မဝတီပုံနှိပ်တိုက်၊ ၁၃၃၈-ခု၊ (ပဌမအကြိမ်)။

(၃) ဆီးပန်းနီဆရာတော် ငါးရာ့ငါးဆယ်ဇာတ်ကမ္ဘည်းကဝိမန္ဒနမေဒကျမ်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့။

(၄) ငါးရာ့ငါးဆယ် နိပါတ်တော် စကားပြေ (၉)တွဲ (ပထမကျော် ဦးကြီးဖေ) ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက် ၁၉၅၈-ခု။

(၅) ဇာတ်တော် ငါးရာ့ငါးဆယ် ဦးမြင့်ဆွေ-မဟာဝိဇ္ဇာ (လန်ဒန်)၊ နဝရတ်စာပေ၊ ဒီရုံ၊ ချို၊ မန္တလေးမြို့။ (စတုတ္ထအကြိမ်)။

(၆) နိပါတ်တော်လာ ဇာတ်တော် ငါးရာ့ငါးဆယ် (မာဃဝ)၊ နှလုံးလှစာပေ။ ၁၉၈၄-ခု (ပထမအကြိမ်)။

(၇) အမျိုးသားပညာဝန် ဦးဖိုးကျား၏ ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ (ပထမပိုင်း)၊ ခေတ္တရာစာပုံနှိပ်တိုက်။

(၈) အမျိုးသားပညာဝန် ဦးဖိုးကျား၏ ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ(ဒုတိယပိုင်း၊ တတိယပိုင်း) မြန်မာ့ဂုဏ်ရည် စာပုံနှိပ်တိုက်၊ ကာလဘတ်လမ်း၊ ကန်တော်ကလေး၊ ၁၉၅၅-ခု။

**အထူးအားဖြင့်** ညောင်ကန်ဆရာတော်၏ စကားပြေဝတ္ထုကြီး (၅)တွဲနှင့်၊ ဟံသာဝတီ ပထမကျော် ဦးကြီးဖေ၏ စကားပြေ (၉)တွဲကို အဓိကထား မှီငြမ်းပြုခဲ့ပါသည်။ ဆရာဦးမြင့်ဆွေ (မဟာဝိဇ္ဇာ) နှင့် မာဃဝတို့၏ ဇာတ်တော် ငါးရာ့ငါးဆယ် တို့မှလည်း အထောက်အကူပြု၍ ကျေးဇူးတင်ရှိပါကြောင်း။

www.dhammadownload.com

၅၅၀, လက်ရွေးစဉ် ဝတ္ထုများ အမှတ် (၁)

## ဘုရားလောင်း၏ ပါရမီတော်များ

ဒါနပါရမီ၊ သီလပါရမီ ဇာတ်ဝတ္ထုပေါင်း(၁၁)ပုဒ်

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပဏာမနှင့် ဂါရဝ | ၆ |
| | အာသီသနိဒါန်း | ၇ |
| | မှိုင်ငြိမ်းပြုကျမ်းများ | ၈ |
| ၁။ | ဇာ ၃၁၆။ သသပဏ္ဍိတဇာတ်<br>ဘုရားလောင်းယုန်မင်း ဝတ္ထု<br>ခန္ဓာကိုယ်ကို ပေးလှူသော ယုန်မင်းဇာတ်။ | ၉ |
| ၂။ | ဇာ ၃၀၀။ ဝကဇာတ်<br>ခဏာ ဥပုသ်၊ သစ်ကြွက်ဥပုသ်<br>စေတနာ မပါသော ဥပုသ်စောင့်သူဇာတ်။ | ၁၆ |
| ၃။ | ဇာ ၃၅၆။ ကောရဏ္ဍိယဇာတ်<br>မြင်မြင်သမျှ သီလပေးသည့် ဝတ္ထု<br>လူတိုင်း သီလရှိစေချင်သောဆန္ဒပြင်းပြ၍<br>ဥပမာ တင်ပြသော ဇာတ်။ | ၁၉ |
| ၄။ | ဇာ ၄၁၅။ ကုမ္မာသပိဏ္ဍဇာတ်<br>ဒါန၏ အကျိုးဆက်ဝတ္ထု<br>မုယောမုန့်ဆုပ် လေးဆုပ်လှူ၍<br>မိဖုရား ဖြစ်သောဇာတ်။ | ၂၃ |

www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | ဇာ ၄၂၁။ ဂင်္ဂမာလဇာတ်<br>ဥပုသ်သီလကို အသက်နှင့်လဲ၍စောင့်ထိန်းခဲ့သူ ဝတ္ထု<br>ဂင်္ဂမာလ ဆတ္တာသည် တောထွက်ပြီး ပစ္စေကဗုဒ္ဓါအဖြစ်နှင့် မင်းကြီးအား သီလ အကျိုးပြတရား ဟောကြားသောဇာတ်။ | ၃၂ |
| ၆။ | ဇာ ၄၄၂။ စေတိယဇာတ်<br>မုသားသစ္စာ ဆိုသောအခါ ဝတ္ထု<br>မုသားဆိုပြီး မြေမျိုသောဇာတ်။ | ၄၃ |
| ၇။ | ဇာ ၄၂၄။ အပဒိတ္တဇာတ်<br>မီးလောင်အိမ်မှ ထုတ်ဆောင်လှူပါ<br>အလှူဒါန အကျိုးပြဇာတ်။ | ၅၃ |
| ၈။ | ဇာ ၄၄၀။ ကဏှဇာတ်<br>အားထုတ်ကျင့်ကြံ နည်းလမ်းမှန် သိကြားမင်းအား တရားဟောသော ကဏှရသေ့ဇာတ်။ | ၆၃ |
| ၉။ | ဇာ ၅၁၁။ ကိံဆန္ဒဇာတ်<br>လာဘ်စားသူနှင့် နေ့တစ်ဝက် ဥပုသ် လာဘ်စားသော တရားသူကြီးနေ့တစ်ဝက် ဥပုသ်နှင့် သရက်သီး အလှူကြောင့် နတ်ပြိတ္တာဖြစ်သောဇာတ်။ | ၆၉ |

www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၀။ | **ဇာ ၄၉၀။ ပဉ္စုပေါသထဇာတ်**<br>ဥပုသ်သည် ငါးဦးဝတ္ထု<br>မိမိတို့ ဥပုသ် သီလ စောင့်ထိန်းရသည့်<br>အကြောင်း၊ ဥပုသ်သည် ငါးဦးတို့<br>ပြောသောဇာတ်။ | ၇၅ |
| ၁၁။ | **ဇာ ၄၂၂။ သခ်ဇာတ်**<br>ထီးနှင့် ဖိနပ်အလှူရှင် ဝတ္ထု<br>သီလမြဲ၍ ထီးနှင့်ဖိနပ် လှူခဲ့သော အကျိုး<br>ဆက်ကြောင့် သမုဒ္ဒရာအတွင်း ဘေးကင်း<br>ချမ်းသာသောဇာတ်။ | ၈၂ |

❑

www.dhammadownload.com

# ပဏာမ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊
နှစ်ဖြာမိဘာ၊ များလှ ကျေးဇူး၊
ဂုဏ်အထူးကို၊ ကြည်နူးသဒ္ဓါ၊
ဝန္ဒနာဖြင့်၊ ဦးစွာ ရိုကျိုး၊
ကျွန်ရှိခိုးကာ၊ ဤစာ ကျမ်းမြတ်၊
ပြုစုအပ်သည် နိဗ္ဗာန်ပြည်သို့၊
ရည်သတည်း။

## ဂါရဝ

ချွတ်ယွင်းတိမ်းပါး...တွေ့ခဲ့ငြားသော်
စိတ်ထားသဒ္ဓါ...စေတနာဖြင့်
ညွှန်ပါမည့်ကြောင်း...ကျွန်ခွင့်တောင်းသည်
ညွတ်ပျောင်း, ခယ...ယမ်းယမ်းတည်း။

(အမျိုးသားပညာဝန်ဦးဖိုးကျား၏ ငါးရာ့ငါးဆယ် ကောက်နုတ်ချက် နိဒါန်းမှ)

## ကျေးဇူးတင်လွှာ

အကျွန်ုပ်၏ ကာယအား၊ ဉာဏအား၊ ဝီရိယအားတို့ဖြင့် ပြုစုအပ်သော ဤလက်ရွေးစင် ဓမ္မပဒနှင့် ငါးရာ့ ငါးဆယ် လက်ရွေးစင် စာအုပ်များကို စကြာအေးစာပေမှ (မူပိုင်) ဝယ်ယူသဖြင့် ကျွန်ုပ် သက်ရှိထင်ရှားရှိစဉ် ကာလ၌ အလှူဒါနများ ပြုလုပ်ခွင့်ရသဖြင့် စကြာအေး စာပေအား ကျေးဇူးတင်ရှိပါကြောင်း။

ဦးလှခင် – ဆန်းညွန့်ဦး

www.dhammadownload.com

# ဒါနပါရမီ

## ၁။ ဘုရားလောင်းယုန်မင်းဝတ္ထု
(ဇာ-၃၁၆၊ သသပဏ္ဍိတဇာတ်)

********************************

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**



www.dhammadownload.com



## ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည့် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်–

သာဝတ္ထိပြည်မှ သူကြွယ်တစ်ဦးသည့် လှူဖွယ်ဝတ္ထုများနှင့် ဘုရားအမှူးရှိသော သံဃာတော်ငါးရာတို့ကိုခုနစ်ရက်ပတ်လုံး မင်္ဂလာဖိတ်ပြီး နေ့စဉ် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် လှူဒါန်းဆက်ကပ်၏။ ဘုရားရှင်သည်် အနုမောဒနာပြုသည် ရှိသော်....

"ဥပါသကာ....နှစ်သက်ဝမ်းမြောက်သလော၊
လှူဒါန်းခြင်းမှာ ရှေးပညာရှိတို့ အစဉ်အလာတည်း၊
ရှေးပညာရှိတို့သည် ရောက်လာသော အလှူခံအား–
အသက်စွန့်၍ပင်၊ မိမိအသားကိုလှူခဲ့ပြီ"
ဟု အတိတ်ဇာတ်ကို ဟောတော်မူသည်။

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်–
ဘုရားလောင်းသည် ယုန်မင်းဖြစ်၏။
မျောက်၊ မြေခွေး၊ ဖျံ မိတ်ဆွေသုံးဦးရှိ၏။
မိတ်ဆွေတို့အား ဒါနအမှုပြုရန် သီလဆောက်တည်ရန်တို့ကို ဆုံးမလေ့ရှိ၏။

နောက်တစ်နေ့ လပြည့်နေ့တွင်....
ယုန်မင်းက ဥပုသ်စောင့်ကြရန် တိုက်တွန်း၏။
ဥပုသ်သီလ တည်ခိုက် လှူသော အလှူသည် မွန်မြတ်၏။ လွန်စွာ အကျိုးကြီး၏။
သို့အတွက် အလှူခံ ပုဂ္ဂိုလ် ရောက်လာလျှင် မိမိတို့ စားသောက်သည့် အစားမှခွဲဝေလှူဒါန်းကြရန် ဆုံးမ၏။

www.dhammadownload.com



.နံနက်လင်းလျှင်....

ယုန်မင်းနှင့်အတူ မျောက်၊ မြေခွေး၊ ဖျံတို့ ဥပုသ်စောင့် ပြီးမှ အစာရှာထွက်ကြ၏။

## ဖျံ၏သီလ

ဖျံသည် ဂင်္ဂါမြစ်ကမ်း၌ အစာရှာ၏။

တံငါတစ်ယောက်သည် ငါးကြင်း ခုနစ်ကောင်ရ၏။

နွယ်ဖြင့်သီ၍ သဲပြင်တွင် မြှုပ်သွား၏။

ဖျံသည် ထိုနေရာရောက်လာ၏။

ငါးနံ့ရ၍ သဲကိုယက်၏။

ငါးကြင်ခုနစ်ကောင်တွေ့၏။

အရှင်ရှိ,မရှိ သုံးကြိမ်အော်၏။

ပိုင်ရှင်ကို မမြင်လျှင် နွယ်ကိုချီခဲ့၏။

မိမိနေရာသို့ ပြန်လာပြီး အချိန်တန်မှ စားမည်ဟု မိမိ သီလကို ဆင်ခြင်ကာ ဝပ်နေ၏။

## မြေခွေး၏သီလ

မြေခွေးလည်း အစာရှာထွက်၏။

လယ်စောင့်တဲ တစ်ခုသို့ရောက်၏။

အမဲတံစို့နှစ်ခု၊ ဖွတ်ကင်၊ နို့ဓမ်းအိုးတို့ကို တွေ့၏။

အရှင် ရှိ,မရှိ သုံးကြိမ်အော်၏။

ပိုင်ရှင်ကို မမြင်လျှင် နို့ဓမ်းအိုးမှ ကြိုးကွင်းကိုခေါင်းစွပ်ပြီး အမဲကင်နှင့်ဖွတ်ကင်ကို ကိုက်ချီခဲ့၏။

မိမိနေရာသို့ပြန်လာပြီး အချိန်တန်မှစားမည်ဟု မိမိသီလကို ဆင်ခြင်ကာ ဝပ်နေ၏။

www.dhammadownload.com



## မျောက်၏သီလ

မျောက်သည်လည်း အစာရှာထွက်၏။
တောအုပ်သို့ဝင်၏။
သက်သီးတစ်ခိုင်ကိုဆွတ်ယူခဲ့၏။
မိမိနေရာသို့ပြန်လာပြီး အချိန်တန်မှစားမည်ဟု မိမိသီလကို ဆင်ခြင်ကာ ဝပ်နေ၏။

## ယုန်းမင်း၏သီလ

ယုန်ပညာရှိကား အချိန်တန်မှ နေရာမှ ထွက်ပြီး အစာစားမည်ဟု မိမိသီလကို ဆင်ခြင်၍ဝပ်နေ၏။
သီလကို ဆင်ခြင်ရင်းစဉ်းစား၏။
ဝါးစားသည်မှာ မြက်သာဖြစ်၏။ ငါ့ထံ အလှူခံလာလျှင် အလှူခံသည် မြက်ကိုယူမည်မဟုတ်။
အခြားလှူဖွယ်လည်း ငါ့မှာမရှိ။
"မိမိအသားကို လှူမည်"ဟု ဆုံးဖြတ်၏။

## သီလတန်ခိုးကြောင့်

သိကြားမင်းသည် ယုန်ပညာရှိ၏ သီလတန်ခိုးကြောင့် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ တင်းမာ ပူပြင်းလာ၍ လူ့ပြည်ကို ကြည့်သော် ယုန်၊ ဖျံ၊ မြေခွေး၊ မျောက် လေးယောက်တို့၏ သီလအကြောင်းကိုသိရ၏။
သိကြားမင်းသည် ထိုလေးဦးတို့၏ သီလကို စုံစမ်းမည်ဟု လူ့ပြည်သို့ဆင်း၍ ပုဏ္ဏားယောင်ဆောင်ပြီး လာခဲ့၏။

www.dhammadownload.com



### ဖျံ၏အလှူ

သိကြားမင်း ပုဏ္ဏားသည် ဖျံထံရပ်၏။
ဖျံက ငါးကြင်းခုနစ်ကောင်ကိုလှူ၏။
စားသေးသည်၊ နောက်မှယူမည်ဟု ပြော၍သွား၏။

### မြေခွေး၏အလှူ

သိကြားမင်း ပုဏ္ဏားသည်
မြေခွေးထံအလှူခံရပ်၏။
ရသမျှလှူ၏။
စားသေးသည်၊ နောက်မှယူမည်ဟု ပြော၍သွား၏။

### မျောက်၏အလှူ

သိကြားမင်း ပုဏ္ဏားသည်
မျောက်ထံ အလှူခံရပ်၏။
သရက်သီးမှည့်များလှူ၏။
စားသေးသည်၊ နောက်မှယူမည်ဟု ပြော၍သွား၏။

### ယုန်မင်း၏အလှူ

သိကြားမင်း ပုဏ္ဏားသည်....
ယုန်းမင်းထံ အလှူခံရပ်၏။

"အို....ပုဏ္ဏား၊ သင်ကား သီလရှိသူဖြစ်၏။ အကျွန်ုပ်သည် **မလှူဖူးသေးသော** အလှူကို လှူရန် ကြံရွယ်ထားဆဲတွင် **သီလရှိသော** သင်လာခြင်းကား ကောင်းသောလာခြင်းပင်ဖြစ်၏။ သင်သည် ပါဏာတိပါတကံ ကို ပြုမည်မဟုတ်၊ အကျွန်ုပ်တွင် ဆီ၊ ဆန်၊ အစရှိသည်လည်းမရှိ၊ သင်ပုဏ္ဏားသည် မီးဖိုပါ၊

www.dhammadownload.com



မီးကျီးရအောင်လုပ်ပါ၊ အကျွန်ုပ်သည် မီးကျီးတွင်းသို့ခုန်ဆင်း ပါမည်၊ အသားကျက်လျှင် လိုအပ်သလို, သုံးဆောင်၍ ဥပုသ် စောင့်ပါ”ဟု ပြော၏။

သိကြားမင်းသည် တန်ခိုးဖြင့် မီးကျီးစုကို ဖန်ဆင်း၏။ ယုန်မင်းသည် ကိုယ်တွင်ကပ်နေသော ပိုးမွှားများ မသေစေရန် သုံးကြိမ် ကိုယ်ကိုခါပြီး မီးပုံတဲသို့ ခုန်ဆင်း၏။

မီးကျီးစုသည် ဆီးနှင်းတိုက်ကဲ့သို့ အေးမြလှ၍ ယုန်မင်း၏ မွေးညင်းမျှကိုပင် မလောင်ကျွမ်းပေ။

## သိကြားမင်းနှင့်ယုန်မင်း

ယုန်းမင်းသည် မီးကျီးစုတွင်းမှနေ၍....

“အို– ပုဏ္ဏား၊ သင်၏မီးကျီစုကား အေးမြလှချည့်တကား၊ ငါ၏အမွေးကိုမျှပင် မီးမလောင်း၊ အသို့နည်း”ဟု မေး၏။

“အိ–ယုန်ပညာရှိ၊ ငါကား ပုဏ္ဏားအစစ်မဟုတ်၊ သိကြားမင်းဖြစ်၏။ သင့်အား စုံစမ်းလို၍ လာသည်”ဟု ပြော၏။

“အိုသိကြားမင်း၊ သင့်ကိုထားဦး၊ တစ်လောကလုံးရှိ လူအပေါင်းက ကျွန်ုပ်ကို အလှူဖြင့် စုံစမ်းစေကာမူ မလှူလို သော အဖြစ်ကို တွေ့ရမည်မဟုတ်”ဟု ပြော၏။

သိကြားမင်းက “အို ယုန်ပညာရှိ၊ သင်၏ ဂုဏ်ကျေးဇူး ကား ကမ္ဘာပတ်လုံး ထင်ရှားသည် ဖြစ်စေသတည်း” ဟု ပြောဆိုကာ တောင်ကိုညှစ်၍ အဆီကိုယူပြီး တောင်ဆီဖြင့် လဝန်း၌ ယုန်ရုပ်တံဆိပ် ခတ်နှိပ်ရေးသားလေ၏။

www.dhammadownload.com



(လဝန်းတွင် ယုန်တံဆိပ် ရှိနေခြင်းသည် ဘုရားလောင်း ယုန်းမင်း၏အမှတ်အသားအဖြစ် သိကြားမင်းက တောင်ဆီညှစ်၍ ရေးသားခဲ့ခြင်းဖြစ်သည်။)

သိကြားမင်းသည် ယုန်ပညာရှိကို သူ့နေရာသို့ ပြန်ပို့ နှုတ်ခွန်းဆက်၍ မိမိနေထိုင်ရာ နတ်ရွာသို့ ပြန်သွား၏။

ပညာရှိလေးဦးတို့သည် ဝမ်းမြောက် ဝမ်းသာဖြင့် ဥပုသ်သီလ ဆောက်တည်လျက် သေသည်၏အဆုံး၌ကံအားလျော်စွာ လားကြရ၏။

## ဇာတ်ပေါင်းသော်

ဖျံသည်–အာနန္ဒာ
မြေခွေးသည်–မောဂ္ဂလာန်
မျောက်သည်–သာရိပုတ္တရာ
သိကြားမင်းသည်– အနုရုဒ္ဓါ
ယုန်မင်းသည်– ငါဘုရားဖြစ်လာ၏–
ဟု ဇာတ်တော်ကိုပေါင်း၏။

*

www.dhammadownload.com



## ၂။ ခဏောဥပုသ် သစ်ကျုတ် ဥပုသ်
## (၃၀၀၊ ဝကဇာတ်)

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်းကျောင်း၌ သီတင်းသုံးစဉ်–

သုံးလပတ်လုံး ကိုယ်တော်တစ်ပါးတည်းသာ ကိန်းအောင်းတော်မူ၏။ မည်သူမျှ ဖူးမြင်ခွင့်မရပေ။

ဥပသေနထေရ်သည် ရဟန္တာဖြစ်ပြီး (ဓုတင်တစ်ဆယ့်သုံးပါးလုံး)ဆောင်၏။ တပည့်များကို တည်ဆောက်စေ၏။ တပည့်များနှင့်အတူ မြတ်စွာဘုရားထံ ကြွကြသောအခါ အလိုရှိတိုင်း ဖူးမြော်ခွင့်ရကြ၏။ ဘုရားရှင်သည်ဓုတင်ရဟန်းတို့အား အလိုရှိတိုင်း ဖူးမြော်နိုင်သည်ဟု ခွင့်ပေး၏။

ထိုအခါ ရဟန်းများတို့သည် ဓုတင်ဆောင်ကြ၏။ ဘုရားရှင်ထံ အလိုရှိတိုင်း ဖူးမြော်ခွင့်ရကြ၏။ မြတ်စွာဘုရားတစ်ပါးတည်း ကိန်းအောင်းရာမှ ထတော်မူသောအခါ သင်္ကူသင်္ကန်းတို့ကို စွန့်ခဲ့ပြီး ဆောင်မြဲတိုင်းသပိတ်သင်္ကန်းတို့ကို ဆောင်ကြပြန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့နှင့်အတူ ကျောင်းစဉ် လှည့်လည်သော် စွန့်ပစ်ထားသော "ပံသကူ"သင်္ကန်းတို့ကိုမြင်၍ အချို့ရဟန်းတို့မှာ ဘုရားရှင်အား ဖူးမြော်ရရုံသာ ပံ့သကူသင်္ကန်းကို ဆောင်ကြကြောင်း သိတော်မူလျှင်၊ "ရဟန်းတို့–ဤရဟန်းတို့၏ ဓုတင် ဆောက်တည်ခြင်းကား ကြာမြင့်စွာ မတည်သော သစ်ကျုတ်၏ ဥပုသ် ဆောက်တည်ခြင်းနှင့်တူသည်"ဟု မိန့်တော်မူကာ(ဝက)၏ အတိတ်ဇာတ်ကို ဟောတော်မူသည်။

www.dhammadownload.com



## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်–

ဘုရားလောင်းသည် သိကြားမင်းဖြစ်လေ၏။ ထိုအခါ **သစ်ကျုတ်(ဝက)** တစ်ကောင်သည် ဂင်္ဂါမြစ်နားရှိ ကျောက်**ဖျာပေါ်၌နေ**၏။ ထိုအခါ ဆီးနှင်းရေနှင့် မြစ်ရေတို့ **လွှမ်းမိုး လာရာ** ကျောက်ဖျာ မပေါ်ရုံသာရှိ၏။

သစ်ကျုတ်သည် ကျောက်ဖျာပြင်ပေါ် တက်အိပ်ပြီး စဉ်းစား၏။ "ငါ သွားနေကျ၊ စားနေကျ၊ စားကျက်သို့သွားရာ လမ်းသည် ရေပြည့်နေပြီ၊ သွားလျှင်လည်း အသက်ဆုံးရှုံးရန် မြင်၏။ သို့အတူတူ အဓိဋ္ဌာန်ဥပုသ် ဆောက်တည်နေခြင်းက မြတ်သေး၏"ဟု ဆုံးဖြတ်ကာ အိပ်နေ၏။

## ငါဥပုသ်မပျက်သေးဟု ထင်ပုံ

ထိုအခါ သိကြားမင်းဆင်ခြင်လတ်သော်အား နည်းလှစွာသော ဥပုသ်ဆောက်တည်ခြင်းကိုသိ၍ ဆိတ်အသွင်ဖန်ဆင်းပြီး သစ်ကျုတ်အနီး၌ ရပ်လျက် ကိုယ်ထင်ပြ၏။

"နောက်နေ့မှ ဥပုသ်ဆောက်တည်တော့မည်"

ဟု အဆောတလျင် အိပ်ရာမှထ၍ ဆိတ်ကိုဖမ်း၏။ **သစ်ကျုတ်**သည် အမျိုးမျိုးဖမ်းသော်လည်း ဆိတ်ကိုမမိပေ၊ **သစ်ကျုတ်**သည် မောပန်းလာသောအခါအားလျှော့၍ပြန်အိပ်လေ၏။

သိကြားမင်းသည် ကိုယ်ထင်ပြကာ ကောင်းကင်၌ရပ်လျက် "ဟယ်....သစ်ကျုတ်၊ သင့်အား **စိတ်ဆန္ဒ အားနည်းသော**

www.dhammadownload.com



ဥပုသ်ကို ဆောက်တည်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သင်သည် ငါ့ကို သိကြားမင်းဖြစ်မှန်းမသိ၍ ဆိတ်သားကိုစားလို၏" ဟု သစ်ကျုတ်ကို ကဲ့ရဲ့ပြီး နတ်ပြည်သို့ပြန်၏။

ဘုရားရှင်သည် ရဟန်းတို့ကို–

"ရဟန်းတို့.... သူ့အသက်ကို နှစ်သက်၍ အသားအသွေးကို စားမျိုတတ်သော သစ်ကျုတ်သည် သီလကို ဆောက်တည်၍ ဥပုသ်ကို ကျင့်သုံးဘိ၏။ သိကြားမင်းသည် ထိုသစ်ကျုတ်၏ အကျင့်ကိုသိ၍ ဆိတ်အသွင်ဖြင့် ချဉ်းကပ်၏။ ဥပုသ်ပျက်လျက် သစ်ကျုတ်သည် ဆိတ်အနီးသို့ကပ်လာ၏။ အသွေးကိုသောက်လိုသော သစ်ကျုတ်သည် ဥပုသ်ကိုဖျက်ဆီး၏။

ထို့အ သာသနာတော်၌ အချို့သောသူတို့သည် ဆောက်တည်အပ်သော ကသိုဏ်၌စေတနာအားနည်းလျက် သစ်ကျုတ်၏ ဥပုသ်ကဲ့သို့ မိမိကိုယ်ကို ပေါ့အောင်ပြုကုန်၏။

ဟု ဆုံးမ,တော်မူ၏။

ဇာတ်ပေါင်းသော်

သိကြားမင်းသည်–ငါဘုရားဖြစ်၏–

ဟု ဇာတ်တော်ကိုပေါင်း၏။

*

www.dhammadownload.com

# ၃။ မြင်မြင်သမျှ သီလပေးသည့် ဝတ္ထု

## (ပဥ္စကနိပါတ် ၃၅၆။ ကောရဏ္ဍိယဇာတ်)

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်—

ရှင်သာရိပုတ္တရာသည် အယုတ် အလတ် အမြတ် မရွေး မြင်မြင်သမျှကို သီလဆောက်တည်ရန် တိုက်တွန်းကာ သီလ ပေးလေ့ရှိ၏။

မထေရ်ကို ရိုသေ၍သာ စိတ်မပါဘဲ သီလခံယူကြပြီး ကွယ်ရာ ရောက်သည်နှင့် လုပ်ချင်ရာ လုပ်ကြ၏။ တပည့်များကသိ၍ "အရှင်ဘုရား၊ သီလကို ယူလိုသူတို့ကိုသာ သီလပေးပါ" ဟု လျှောက်ထားကြ၏။ မထေရ်က မကျေနပ်၊ ဤသို့ပင် ဆက်၍ မြင်မြင်သမျှကို သီလပေးနေ၏။

ဤအကြောင်းနှင့်စပ်၍ ရဟန်းများ အချင်းချင်းပြောဆို နေကြစဉ် မြတ်စွာဘုရား ကြားသိတော်မူ၍ အတိတ်ဇာတ်ကို ဟောတော်မူသည်။

### အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်၊ ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ "ကောရဏ္ဍိယ"ဟု အမည်တွင်၏။ တက္ကသိုလ်ဆရာကြီးထံ ပညာသင်ကြား၍ တပည့် အကြီးအကဲ ဖြစ်နေ၏။

တက္ကသိုလ်ဆရာကြီးသည် မြင်မြင်သမျှတို့အား သီလခံယူ ရန် တိုက်တွန်း၍ သီလပေးလေ့ရှိ၏။ ထိုသူတို့မှာ သီလကို ယူရုံသာယူ၍ သီလကို မစောင့်ထိန်းကြပေ။

www.dhammadownload.com



ထို အကြောင်းကို သိသော တပည့်တို့က ဆရာကြီးအား သီလ ခံယူချင်သူတို့ကိုသာ သီလပေးပါ၊ မခံယူချင်သူတို့ကို သီလမပေးပါနှင့်၊ ထိုသူတို့သည် သီလခံယူပြီး သီလကိုမစောင့်ရှောက်ကြပါဟု ပြောကြ၏။

ဆရာကြီးသည် စိတ်လက် မကြည်မသာ ဖြစ်၏။ သို့သော် ပေးမြဲတိုင်းပေး၏။



ကမ္ဘာမြေကြီးကို လက်ဝါးပြင်ကဲ့သို့ ညီညွတ်အောင်

တစ်နေ့၌ပုဏ္ဏားတို့အား မင်္ဂလာရွတ်ဆိုရန် ပင့်ဖိတ်ကြ၏။ ဆရာကြီးသည် ကောဏ္ဍညကို ခေါ်ပြီး "အမောင်တို့၊ မင်္ဂလာ ဖိတ်ရာသို့သွားကြ၊ ငါမလိုက်တော့၊ ပူဇော်သက္ကာရ ခံယူ၍ ငါ့အဖို့လည်း ယူခဲ့လော့"ဟု ပြော၍ လွှတ်လိုက်၏။

www.dhammadownload.com



ကောရဏ္ဍိယသည် အခြားတပည့်များနှင့်အတူ မင်္ဂလာ ရွတ်ရာမှ ပြန်လာကြရာ လမ်းခုလတ်သို့အရောက် ကျောက်ကမ်း ပါးကြီးတစ်ခုတွေ့၏။ အခြားသူများနားနေခိုက် ကောရဏ္ဍိယ သည် သူ့ဆရာအား သီလတောင်းသူကိုသာ ပေးရန် ဥပမာ ပြလို၍ ထို ကမ်းပါးချောက်ကြီးသို့ ခဲများယူ၍ပစ်ချနေ၏။

အခြားတပည့်များက "အဘယ်ကြောင့် ချောက်ကြီးထဲသို့ ခဲများပစ်ချနေရသနည်း"ဟုမေး၏။ ကောရဏ္ဍိယက မည်သို့ မျှ စကားမပြန်၊ ဆက်၍သာ ပစ်ချနေ၏။

အကြားလုလင်တို့သည် လျင်မြန်စွာသွား၍ ဆရာကြီးအား ပြောကြားကြသည်၊ ဆရာကြီး ရောက်လာပြီး-

"ကောရဏ္ဍိယ၊ အဘယ်ကြောင့်ကျောက်ခဲကြီးတွေယူ၍ ချောက်ထဲ ပစ်ချနေဘိသနည်း၊ သင့်အား အဘယ်အကျိုး ရှိမည် နည်း"ဟု မေး၏။

"ဆရာကြီး၊ မြစ်သမုဒ္ဒရာ ချောက်ကမ်းပါးတို့ဖြင့် ရှိသော ဤမြေကြီးသို့ လက်ဝါးပြင်ကဲ့သို့ ညီညွတ်အောင် ခဲကိုချောက် ထဲသို့ ချရပါသည်"ဟု ဖြေ၏။

"ကောရဏ္ဍိယ၊ တစ်ယောက်တည်းသော သင်၏ လက်ဖြင့် ယူ၍ ချောက်ပြည့်အောင် ချနေသော်လည်း ပြည့်ဖွယ်ရာမရှိ၊ ဖြည့်နေစဉ်မှာပင် သင့်အသက် စွန့်ရလိမ့်မည်ဟုငါထင်၏"ဟု ပြော၏။ ထိုအခါ ကောရဏ္ဍိယက-

"ဆရာကြီး၊ တစ်ယောက်တည်းသော ကျွန်ုပ်သည် ဤမြေ ကြီးကို ညီညွတ်အောင် မစွမ်းဆောင်နိုင်ပါလျှင် ဆရာကြီးလည်း အယူ အမျိုးမျိုး ရှိကြသော ဤသူတို့ကို ဆရာကြီးအလိုသို့

www.dhammadownload.com



ဆောင်ခြင်းငှာ စွမ်းနိုင်လိမ့်မည်မဟုတ်”ဟု ဆရာကြီးကို ဥပမာ ဥပမေယျဖြင့် ပြောဆိုပြန်၏။

ဆရာကြီးသည် သဘောပေါက်သွားပြီး“ကောရဗ္ဗိယ၊ သင်သည် သင့်မြတ်သောစကားကိုဆို၏။ ယခုအခါ ငါသည် ဤသို့သော အမှုကို မပြုတော့အံ့”ဟု ဝန်ခံကာ–

“ကောရဗ္ဗိယ၊ သင့်ကား ငါ့ကိုအကျဉ်းချုပ် ဥပမာဖြင့် အကျိုးစီးပွားကို ပြောဆို၏။ သင်ဆိုတိုင်းလည်း မှန်၏။ ဤမြေကြီးကို ညီညွတ်အောင် မတတ်ကောင်းသကဲ့သို့ ထို့အတူ လူတိုင်းကို တစ်ညီတည်းဖြစ်အောင် မပြုနိုင်ပေ”ဟု ချီးကျူး ပြောဆို၍ အိမ်သို့ပြန်ကြ၏။

## ဇာတ်ပေါင်းသော်

တက္ကသိုလ်ဆရာကြီးသည်–ရှင်သာရိပုတ္တရာ၊
ကောရဗ္ဗိယလုလင်သည်–ငါဘုရားဖြစ်လာ၏

ဟု ဇာတ်တော်ကိုပေါင်း၏။

◆

www.dhammadownload.com

## ၄။ ဒါနဂ၏အကျိုးဆက် ဝတ္ထု

## (သဏ္ဍကနိပါတ် ၄၁၅။ ကုမ္မာသပိဏ္ဍဇာတ်)



ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်–
(မလ္လိကာမိဖုရားကြီးကိုအကြောင်းပြု၍ဟောကြားတော်မူ၏)

www.dhammadownload.com



သာဝတ္ထိပြည်မှ ပန်းသည်ကြီးသမီး မလ္လိကာသည် အလွန်တင့်တယ်လှ၏။ ဉာဏ်ပညာလည်းကြီး၏။ ၁၆–နှစ်အရွယ်ရောက်လျှင် အဖော်တို့နှင့် ပန်းဥယျာဉ်သို့ ပန်းခူးထွက်ရင်း မုယောမုန့်(ကုမ္မာသပိဏ္ဍ) သုံးဆုပ်ကို တောင်းတွင်း ထည့်၍ယူခဲ့၏။

မြို့ပြင်အရောက်တွင် သံဃာတော်အပေါင်းခြံရံကာ ဆွမ်းခံကြွလာသော မြတ်စွာဘုရားကို ဖူးတွေ့လျှင် ကြည်ညိုသဒ္ဒါပွားများကာ မုယောဆန်ပေါက်ဆုပ်သုံးလုံး လှူဒါန်းလိုက်ပြီး ဘုရားရှင်၏ ခြေအစုံကို ရှိခိုးလျက် ရွှင်လန်းဝမ်းမြောက်စွာပီတိဖြစ်လျက်နေ၏။

## ပြုံးတော်မူခြင်း

ဘုရားရှင်သည် မုယောမုန့်ဆုပ် ဒါယိကာမလေး မလ္လိကာကို ကြည့်ရှုတော်မူပြီး ပြုံးတော်မူ၏။ ဘုရားရှင် တို့သည် **အကြောင်းထူးမရှိဘဲ** ပြုံတော်မူလေ့မရှိသဖြင့် အနီးရှိ အရှင်**အာနန္ဒာက** ပြုံးတော်မူခြင်း အကြောင်းကို မေးလျှောက်၏။

"**ချစ်သား** အာနန္ဒာ၊ ဤမလ္လိကာ ဒါယိကာမလေး**သည် မုယောမုန့်**ဆုပ် လှူရသော ကုသိုလ် ကောင်းမှုကြောင့် **ယနေ့ပင်လျှင် ကောသလမင်းကြီး၏** မိဖုရားဖြစ်လတ္တံ့" ဟု **ဗျာဒိတ်ပေးတော်မူ၏။**

## အလှူရှင်အတွက် အကျိုးဆက်

ထိုနေ့တွင် ကောသလမင်းကြီးသည် အဇာတသတ်မင်းနှင့် စစ်ထိုးရာ **အရေးရှုံးနိမ့်ခဲ့ရပြီး** မြင်းတစ်စီးပြင့် တစ်ပါတည်း ပြေးထွက်လာခဲ့ရ၏။

❦

www.dhammadownload.com



ကောသလမင်းသည် မလ္လိကာသတို့သမီးပန်းခူးရင်းသီချင်း ဆိုနေသည့် ပန်းခြံအနီးသို့ ရောက်လာ၏။ မြင်းကိုအသာရပ် ပြီး အသံရှင်ရှိရာဘက်သို့ နားစွင့်နေ၏။ သာယာချိုအေးသော သီးချင်းသံကလေးကို မင်းကြီး နားစွင့်ထောင်နေရာမှ အသံရှင် ရှိရာသို့ မြင်းစီး၍ပင် ဝင်သွား၏။

မလ္လိကာသည် မရွံ့ပါ၊မကြောက်ပါ၊ သူ့ထံသို့တူရူလာနေ သည့်မြင်းနှင့်သူကို အထူးဂရုတစိုက်ပင် ကြည့်နေ၏။ မလ္လိကာ ကား ဘုန်းနှင့်ပြည့်စုံသူ ဖြစ်သည့်အတိုင်း သူ့အနီးသို့ရောက် လာသည့် မြင်း၏ နှာခေါင်းကို ဆီးကြို၍ ကိုင်ထားလိုက်၏။ မင်းကြီးက "ပိုင်ဆိုင်သူ ရှိသလော"ဟ မေးရာ မရှိကြောင်း လျှောက်ထား၏။

မင်းကြီးသည် မြင်းပေါ်မှ ဆင်း၍ မလ္လိကာ၏ ရင်ခွင်၌ အပန်းဖြေ၍နေ၏။ နောက် မလ္လိကာကိုမြင်းပေါ်တင်၍ သူ့မိဘ အိမ်ပို့၏။ ညဦးအခါယာဉ်ရထားတို့ဖြင့်နန်းတော်သို့ယူဆောင် ၍ ရတနာအစုနှင့်ထားပြီး မိဖုရားမြှောက်စား၏။

မလ္လိကာသည် မိဖုရားကြီးဖြစ်ပြီးနောက် လင်ကိုနတ်ကဲ့သို့ ရှိသေ၏။ မင်းကြီးလည်းလွန်စွာချစ်ခင်မြတ်နိုး၏။ မြတ်စွာဘုရား နှင့်လည်း အကျွမ်းဝင်၏။ မုယောမုန့် လှူ၍ ထိုစည်းစိမ်ကို ရကြောင်း တစ်မြို့လုံးသိကြကုန်၏။

တစ်နေ့သ၌ ရဟန်းတို့သည် မလ္လိကာမိဖုရား၏ အကြောင်းကို သိတော်မူ၍ "ချစ်သားတို့၊ သဗ္ဗညုတဘုရားရှင်အား လှူဒါန်း ရခြင်းကြောင့် မိဖုရားဖြစ်ရသည်မှာ မအံ့ဩလောက်သေး၊ ရှေး

www.dhammadownload.com



အခါက ပစ္စေကဗုဒ္ဓါအား တင်လဲမပါ။ အစေးရှိသော မုယောမုန့်တို့ကို လှူရခြင်းကြောင့် ယူဇနာသုံးရာကျယ်သော ကာသိတိုင်း၌ မင်းစည်းစိမ်ကို ခံစားရဖူးပြီ”ဟု အတိတ်ဇာတ်ကို ဟောတော်မူသည်။

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ်၊ ဘုရားလောင်းသည် လှူဆင်းရဲမျိုး၌ ဖြစ်၏။

အရွယ်သို့ရောက်လျှင် သူဌေးတစ်ဦးထံ၌ အခစားလုပ်၍ အသက်မွေးရ၏။ တစ်နေ့တွင် ဘုရားလောင်းသူဆင်းရဲသည် နံနက်စာအတွက် အိမ်မှမုယောမုန့်လေးဆုပ်တို့ကို လုပ်ငန်းခွင်သို့ ယူသွား၏။

လမ်းခုလတ်သို့ အရောက်တွင်ဗာရာဏသီမြို့တွင်းသို့ဆွမ်းခံကြွလာကြသည့်ကို ပစ္စေကဗုဒ္ဓါလေးဆူတို့ကို ဖူးတွေ့ရလေ၏။ အရှင်ပစ္စေကဗုဒ္ဓါတို့သည် ဆွမ်းအတွက် ဗာရာဏသီသို့ကြွသွားကြဟန်ရှိသည်။ ငါ့တွင် မုယောမုန့်လေးဆုပ်ရှိသည်။ ငါလှူအံ့ဟုကြံ၏။

ထိုအခါ ဘုရားလောင်း သူဆင်းရဲသည် သဲများကို လေးစု စု၍ နေရာခင်း၏။ အပေါ်မှ သစ်ကိုင်းသစ်ရွက်တို့ ဖြန့်ခင်းပြီး ပစ္စေကဗုဒ္ဓါတို့ကို ပင့်၏။ ရှိသေစွာရှိခိုးပြီး နံနက်စာယူလာသည့် မုယောမုန့်လေးဆုပ်တို့ကို တစ်ပါးစီလှူဒါန်းပြီး သစ်ရွက်တို့ဖြင့် ရေကိုယူလျက် ရေစက်ချ၏။

www.dhammadownload.com



## ဆုမြွတ်ဆုမွန်

"တပည့်တော်သည် ဖြစ်လေရာ ဘဝတိုင်း၌ သူဆင်းရဲ မျိုး၌ မဖြစ်ရလိုပါ၊ သဗ္ဗညုတဉာဏ် သိခြင်းအကြောင်း ဖြစ်ပါစေသား"ဟု ဆုတောင်း၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကလည်း သူဆင်းရဲ၏ရှေ့မှာပင် မုယောမုန့်တို့ကို ဘုဉ်းပေးပြီး နန္ဒမူလိုဏ်ဂူသို့ကြွကြ၏။ (သင်လိုရာဆုအတိုင်းပြည့်စုံစေ)ဟု ဆုပေးခဲ့၏။

သူဆင်းရဲသည် မိမိ၏ကုသိုလ်ကောင်းမှုကို တစိမ့်စိမ့် ပီတိဖြစ်ကာ အလုပ်ခွင်သို့ သွား၏။ အသက်ထက်ဆုံးလည်း ထိုကုသိုလ်ကိုအောက်မေ့၍ သေသည်၏။ အဆုံး၌ ဗာရာဏသီမင်းကြီး၏မိဖုရားဝမ်း၌ဖြစ်၍ဖွားမြောက်သော အခါ ဗြဟ္မဒတ္တသတိုးသားဟု မှည့်ခေါ်ကြ၏။

## ဗြဟ္မဒတ္တသတို့သားဘဝ

ထိုဗြဟ္မဒတ္တ သတို့သားသည် ခြေလှမ်း၍ သွားတတ်ခါစ၊ အရွယ်မှစ၍ ကြေးမုံပြင်တွင်အရိပ်ထင်သကဲ့သို့ဇာတိဿရ

အရွယ်ရောက်လျှင် ဖခမည်းတော် နတ်ရွာစံသော် မင်းအဖြစ်ကို ရရှိလေ၏။ ကောသလမင်း၏ သမီးတော်ကို မိဖုရားအဖြစ်မြှောက်သည်။

အဘိသိတ်ခံနန်းတက်ပွဲမင်္ဂလာဆင်ယင်သောနေ့၌ မြို့တော်အလုံး တန်ဆာဆင်စေပြီး ထီးဖြူတော် ဆောင်းထားသော ရာဇပလ္လင်ပေါ်တွင်ပင်—

www.dhammadownload.com



"ငါ....ဤမင်းစည်းစိမ်ကို ရခြင်းသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား မုယောမုန့်ဆုပ် လှူဒါန်းရသော ကုသိုလ်အကျိုးဆက်ပင်တည်း" ဟု ပစ္စေကဗုဒ္ဓါအရှင်များ၏ဂုဏ်ကျေးဇူးတော်များကို နှလုံးသွင်း အောက်ရာမှ တစ်ကိုယ်လုံး ပီတိလှိုင်းထလျက် ပရိသတ်တို့အလယ်မှာပင် ဥဒါန်း သီးချင်းကို သီဆိုလေ၏။

ပစ္စေကဗုဒ္ဓါတို့၌ လက်အုပ်ချီခြင်း၊ ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ အရိုအသေပြုခြင်း၊ လှူဒါန်းခြင်း စသည်တို့ကား နည်းသော အကျိုးပေးမဟုတ်၊ အစေးမရှိ၊ တင်လဲမပါသော မုယောမုန့်ဆုပ်၏အကျိုးကိုကြည့်ပါလော့၊ များစွာသော ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ပတ္တမြားနှင့် စပါးမျိုးစုံ အလုံးစုံသော မြေအပြင်၊ နတ်သမီးနှင့်တူသော မိန်းမများ၊ ဤဆိုအပ်ပြီးသော အကျိုးတို့ကိုကြည့်ပါလော့၊ဤအကျိုးတို့ကား မုယောမုန့်စိုင်ကိုလှူဒါန်ခြင်းကြောင့်ရသော အကျိုးတို့တည်း"

ဟု ဥဒါန်းကျူးလေ၏၊ ထိုသီချင်းဂါထာသည် မင်းကြီးကိုယ်တိုင်သီကျူးသောသီချင်းဖြစ်၍အမတ်ပေါင်းနှင့်တကွ နန်းတွင်းနန်းပြင်ပါမကျန် သီဆိုကျူးရင့်ကြ၏။ တိုင်းသူပြည်သားအပေါင်းတို့ဇာလည်း ဇာတ်ပွဲ, အငြိမ့်မှအစ သီဆိုကြ၏။

## အဓိပ္ပာယ်ကို သိချင်ပါသည်

မိဖုရားကြီးသည် နန်းတွင်း၊ နန်းပြင် လူတိုင်းစိတ်ဝင်စားနေသည့် မင်းကြီး၏ သီချင်းအဓိပ္ပာယ်ကို သိချင်ဇောအားသန်နေ၏။ မောင်တော်မင်းကြီးကိုလည်း မမေးဝံ့၊ မပြောဝံ့ဖြစ်နေသည်။

www.dhammadownload.com



တစ်နေ့တွင် အကြောင်းတစ်ခုကြောင့် မင်းကြီးက မိဖုရားကြီးအား ဂုဏ်ပြုလို၍ "လိုသောဆုကိုတောင်းပါ"ဟု အမိန့်ပေး၏။ မိဖုရားကြီးက အားရဝမ်းသာပင်....

"အခြားဆုကိုမလိုပါ၊ မင်းကြီးသိဆိုသည့်သီချင်းအစီပွာယ်ကိုသာ သိလိုပါသည်"ဟု လျှောက်ထား၏။ မိဖုရားကြီး အခြားဆုကို တောင်းပါ"ဟုဆို၏။ "အခြားဆုကို မလိုပါ၊ အရာရာပြည့်စုံပါသည်၊ ဤဆုကိုသာလိုပါသည်"ဟု ဆိုလျှင်၊ မင်းကြီးက "ကောင်းပြီ၊ သင် တစ်ယောက်တည်းကိုမပြောလို၊ အလုံးစုံသော သူတို့အား ပြောဆိုဟောကြားမည်၊ နန်းတော်တံခါးဝ၌ ရတနာမဏ္ဍပ်ဆောက်၍ ရတနာပလ္လင်ခင်းပြီး မြို့အလုံးကိုစည်လည်စေလော့၊ လူအများ စည်းဝေးရောက်လာလျှင် ငါ့အားပြောကြားလော့"ဟု အမိန့်ပေး၏။

မိဖုရားကြီးသည် အားရဝမ်းသာပင် အမြန်စီစဉ်၏။ စီစဉ်ပြီးသော် မင်းကြီးအား အကြောင်းကြား၏။

ထိုအခါ မင်းကြီးသည် ရတနာပလ္လင်ထက်မှ–

"ရှင်မ....ငါသည် ရှေးအခါ၌ ဗာရာဏသီပြည်၌ပင် သူဆင်းရဲမျိုး၌ ဖြစ်ပြီး အခစားလုပ်၍ အသက်မွေးလျက် သီလ ကိုစောင့်ထိန်းခဲ့ဖူးပြီ"

"ရှင်မ....ငါသည် အလုပ်သွားရာ လမ်းခရီး၌ အကျင့်သီလနှင့်ပြည့်စုံလျက် အာသဝေါကုန်ခန်းသော ပစ္စေကဗုဒ္ဓါလေးဆူကို မြင်ဖူးရပြီ"

"ရှင်မ....ငါသည် ထိုပစ္စေကဗုဒ္ဓါလေးဆူတို့၌ စိတ်ကိုကြည်ညိုစေပြီး၊ သစ်ရွက်အခင်း၌ သိတင်းသုံးစေပြီး မိမိလက်တို့ဖြင့် မုယောမုန့်ကို လှူဒါန်းခဲ့ဖူးပြီး"

www.dhammadownload.com



"ရှင်မ၊ ငါ၏ ယခုခံစားရသော အကျိုးသည် မယောမုန့် လှူရသော ကံ၏ အကျိုးဖြစ်သည်၊ မြေအပြင်ကို အစိုးရပြီး ပြည့်စုံမွန်မြတ်သည့် မင်းစည်းစိမ်ကို ခံစားရပြီ"

ဟု လပြည့်ဝန်း ထင်စေသကဲ့သို့ သီချင်းဂါထာ၏ အနက် အဓိပ္ပာယ်ကို ဟောကြား၏။

ထိုအခါ မိဖုရားကြီးသည် လွန်စွာနှစ်သက်လှ၍–

"ကုသိုလ်ကိုလိုလားပါသော အရှင်မင်းကြီး၊ လှူဒါန်းပြီး မှသာ သုံးဆောင်တော်မူပါ၊ ဒါနကုသိုလ်ကို မမေ့ပါလင့်၊ ပဋိရူပဒေသဝါသ စသောစက်လေးပါးကိုလည်းလည်း စေလော့၊ တရားကိုလည်း စောင့်ပါလော့"ဟု ချီးကျူးတိုက်တွန်း၏။

မင်းကြီးက "အို....တင့်တယ် လှပသော ကောသလမင်း ကြီး၏ သမီးတော်၊ ငါသည် အရိယာတို့ သွားလာလေ့ကျက် အပ်သော ဒါနလမ်းခရီးကို အဖန်တလဲလဲ သွားပါအံ့၊ ငါ သည် ရဟန္တာတို့ကို ဖူးမြင်ခြင်းဖြင့် နှစ်သက်မြတ်နိုးပါ၏" ဟု မိဖုရားကြီးအား ဝန်ခံပြောဆို၏။

မင်းကြီးသည် မိဖုရားကြီးကို ပြန်လည်၍ မေးမြန်းပြန်၏။

"အို....တင့်တယ်လှပရသော ကောသလမင်းကြီး၏ သမီးတော်၊ သင်သည် နတ်သမီးနှင့် တူ၏။ မိန်းမပရိသတ်တို့အလယ်၌ သိကြားမင်း၏ မိဖုရားကဲ့သို့ တင့်တယ်လှ၏။ အဘယ်ကုသိုလ်ကို ပြုဖူး၍ အဘယ်ကြောင့် ဤမျှလှရပါသနည်း"

မိဖုရားကြီးသည် မင်းကြီး၏ မေးမြန်းချက်ကိုကြားလျှင် ဘဝဟောင်းက ပြုခဲ့ဖူးသည့် ကုသိုလ်ကောင်းမှုကို အောက်မေ့

www.dhammadownload.com



ဆင်ခြင်နိုင်၍–

"အရှင်မင်းကြီး....အကျွန်ုပ်သည် ရှေးဘဝက အစေအပါး ကျွန်မ ဖြစ်ခဲ့ဖူးပါသည်။ ကိုယ်နှုတ်နှလုံးစောင့်ထိန်း၍ သီလနှင့် ပြည့်စုံခဲ့ပြီး တရားနှင့်ယှဉ်၍ အသက်မွေးခဲ့ပါ၏။ ထို့ကြောင့် လှပတင့်တယ် ရှုချင်စဖွယ်အဆင်းရှိပါ၏။

"အရှင်မင်းမြတ်....အကျွန်ုပ်သည်ကိလေသာကိုဖျက်ဆီးပြီးသော အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းခံကြွတော်မူစဉ် ဝေစုရသော ထမင်းကို ကိုယ်တိုင် ဝမ်းမြောက်စွာ လှူဒါန်းခဲ့ဖူးပြီး ယနေ့ ခံစားရသော အကျိုးသည် ဝေစုရထမင်းအား လှူဒါန်းရသော ကုသိုလ်၏ အကျိုးဆက် ဖြစ်ပါသည်"

ဟု ဝမ်းမြောက်ဝမ်းသာ ဖြေကြားလေ၏။

မင်း, မိဖုရား နှစ်ပါးတို့သည် မိမိတို့၏ကုသိုလ် ကောင်းမှု တို့၏ အကျိုးတို့ကို အသီးသီးပြောဆိုကြပြီး နန်းတော်တံခါး မြို့တံခါးလေးခု၊ မြို့လယ်၊ဤခြောက်ဌာနတို့၌မဏ္ဍပ်ခြောက်ခု ဆောက်လုပ်စေ၍ နေ့စဉ် အလှူတော်ကြီးကို ပေးလှူကြ၏။

အသက်ထက်ဆုံး သီလ,ဆောက်တည်၍ သေလွန်ကြသော အခါ နတ်ပြည်သို့လားကြ၏။

ဇာတ်ပေါင်းသော်

မိဖုရားသည်–ရာဟုလာမယ်တော်၊
မင်းကြီးသည်–ငါဘုရားဖြစ်လာ၏–
ဟု ဇာတ်တော်ကိုပေါင်း၏။

❋

www.dhammadownload.com

# ၅။ ဥပုသ် သီလကို အသက်နှင့်လဲ၍ စောင့်ထိန်းခဲ့သူ ဝတ္ထု (အဋ္ဌကနိပါတ် ၄၂၁။ ဂင်္ဂမာလဇာတ်)

## ပစ္စုပ္ပန်ဝတ္ထု

**မြတ်စွာဘုရားသည်** ဇေတဝန်ကျောင်း၌ **သီတင်းသုံးစဉ်– ဇေတဝန်ကျောင်း၌** ဥပုသ်စောင့်သုံးသူများကို **ခေါ်တော်မူ၍ ဥပုသ်သီလ၏** အကျိုးကြီးမားလှပုံ အတိတ်ဇာတ်ကို **ဟော ကြားတော်မူသည်ကား....**

## အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ်–

ဗာရာဏသီပြည်(သုဝိပရိဝါရ) **သူဌေးအိမ်၌** တစ်လလျှင် ခြောက်ကြိမ်မျှ တစ်အိမ်လုံးရှိသမျှ **အိမ်စေ၊ နွားကျောင်း** မကျန်ရအောင် ဥပုသ်စောင့်လေ့ရှိကြ၏။

တစ်နေ့တွင် ဘုရားလောင်းသည် **သူဌေးကြီး** အိမ်၌ အလုပ်ရ၏။ နေ့စဉ် စောစော **သူဌေးအိမ်မှထွက်၍** အလုပ်ရှိရာတွင် လုပ်ပြီး ညနေမှပြန်လာရ၏။

ဥပုသ်နေ့ ရောက်လျှင် တစ်အိမ်လုံး စောစောထ ထမင်းချက်စားကြပြီး မိမိတို့နေရာ၌ပင် သီလကိုဆင်ခြင်နေကြ၏။

ဘုရားလောင်းဆင်းရဲသား ညနေပြန်လာလျှင် တစ်အိမ်လုံး **တိတ်ဆိတ်နေ၍** မေးရာ၊ ယနေ့ ဥပုသ်စောင့်ကြကြောင်း သိရလျှင် **သူဌေးထံ** ညနေပိုင်း၌ ဥပုသ်စောင့်၍ရနိုင်ပါသလား ဟု မေး၏။ **နေ့ဝက်ဥပုသ်ရနိုင်ကြောင်း** ပြောသဖြင့် သူဌေးကြီးထံမှာပင် **ဥပုသ်ယူ၍ မိမိနေရာသို့ပြန်ပြီး** သီလကိုဆင်ခြင်နေ၏။

www.dhammadownload.com



## သေခါနီးဇော ထိုသဘော

တစ်နေ့လုံး ပင်ပန်း၊ အစာလည်း မစားရသဖြင့်၊ သန်းခေါင်ကျော်လျှင် ဝမ်းတွင်းလေတို့ လှုပ်ရှားပြီး လေတို့ ထကြွကြ၏။ သူဌေးကြီးက ဆေးပေးသော်လည်း "နေ့ဝက်ဥပုသ် မပျက်လို၊ သေသည်အထိ ဥပုသ်နှင့် သေမည်"ဟု ပြော၍ မစားဘဲနေ၏။ အရုဏ်တက်တွင် သတိ လစ်သွား၏။ သေတော့မည့်ဆဲဆဲဖြစ်၍ အိမ်ရှေ့ခန်း ထုတ်ထား၏။ နံနက်လင်းလျှင် **သတိအနည်းငယ်ရလာ**၏။

ထိုအချိန်တွင် ဗာရာဏသီ မင်းကြီးသည် မြို့ကို လှည့်ရာ သူဌေးကြီး **အိမ်ရှေ့သို့** ရောက်လာ၏။ ဘုရားလောင်းသည် အသက် ပြတ်**တော့မည့်ဆဲဆဲ** မင်းကြီး၏ အသရေကိုမြင်လျှင် လိုချင်လောဘဖြင့် **တောင့်တရင်း** သေဆုံးသွား၏။

နေ့တစ်ဝက်**စောင့်သော** ဥပုသ်ဖြင့် သီလရှိသော ဘုရားလောင်း၏ **တောင့်တမှုသည်** ဗာရာဏသီမင်းကြီး မိဖုရားဝမ်း၌ ဖြစ်လေ၏၊

ဖွားမြင်**သော်** (ဥပဒယမင်းသား)ဟု အမည်မှည့်၏။

ရှေးဘဝကိုသိ**သော** "ဇာတိဿရဉာဏ်"ရ၏။

"ရှေးဘဝ ငါပြုခဲ့သော ကောင်းမှုက် အနည်းငယ်၏။ အကျိုးတည်း"ဟု မပြတ် ဥဒါန်းကျူးလေ့ရှိ၏။ ခမည်းတော် လွန်သော် မင်းဖြစ်၏။

မင်း၏ ကြီးကျယ်မြင့်မြတ်သော အသရေကိုကြည့်ပြီး ဥဒါန်း မကြာမကြာ ကျူးရင့်လေ့ရှိ၏။

www.dhammadownload.com





## ရေသည်လင်မယားဇာတ်

ဗာရာဏသီမြို့ဝယ် ရေသည်လင်မယား ရှိကြ၏။

သူတို့မှာ အလွန်ဆင်းရဲ၍ ရေထမ်းရောင်းကြရ၏။

သူတို့ မညားမီက ရေသည်ယောကျ်ားတွင် ခဲခဲယဉ်းယဉ်း စုဆောင်းထားသော အသပြာပဲဝက်ရှိ၍ မြောက်တံခါး အုတ်ဓ ကြားတွင် ဝှက်ထားခဲ့၏။

www.dhammadownload.com



ရေသည်မိန်းမကလည်း တောင်တံခါး အုတ်ကြားတွင် ပဲ၀က်မျှ အသပြာ စုဆောင်းထား၏။

ဗာရာဏသီမြို့တွင် ပွဲသဘင်ကြီးဖြစ်၏။

ရေသည်လင်မယားတို့ ပွဲသဘင် သွားလိုကြ၏။

မယားက လင်ကို ငွေကြေးစုထားတာ ရှိသလား မေး၏။

လင်ကရှိသည်။ မြောက်တံခါး၀မှာ မြှုပ်ထားသည့်ပဲ၀က်။

မယားကလည်း တောင်တံခါး၀မှာမြှုပ်ထားသည့်ပဲ၀က်။

နှစ်ယောက်ပေါင်းလျှင် အသပြာ တစ်ပဲ။

တစ်ပဲကို လေးပုံပုံ၊ တစ်ပုံကိုပန်း၀ယ်၊ တစ်ပုံကိုနံ့သာ၀ယ်၊ တစ်ပုံကိုအရက်၀ယ်၍ ပွဲ၀သဘင်မှာ ပျော်ကြမည်၊ ယခုအမြန် သွားယူပါဟု မယားကပြော၏။ လင်က အခုသွားယူမည်ဟု အိမ်မှ ထွက်ခဲ့၏။

ခရီးလမ်းက မနီးပါးတစ်ဆယ်နှစ်ယူဇနာဝေး၏။

ခြောက်ယူဇနာမျှ သွားမိလျှင် နေမွန်းတည့်၏။

နေပူကျဲကျဲပြင်မှာ ဖိနပ်မပါ။

ရွှင်လန်းအူမြူးကာ သီချင်းတကြော်ကြော် ဆိုလျက် မင်းရင်ပြင်ကို လမ်းခရီးမှ သွား၏။

မင်းကြီးသည် ပြတင်းပေါက်မှမြင်၏။

နေပူသဲပူမှာ သီးချင်းတကြော်ကြော်နှင့် ရွှင်မြူးစွာသွား နေကြသည်မှာ အကြောင်းထူးရှိမည်ဟု မင်းချင်းတစ်ယောက် လွှတ်၍ ခေါ်စေ၏။

ရေသည်ယောကျ်ားက "မင်းကြီးနှင့် ငါ ဘာမျှမတော်စပ်၊ သိလည်းမသိဟုဆိုကာ အချိန်ကုန်မခံနိုင်၍ မလိုက်ဘဲနေ၏။

www.dhammadownload.com



မင်းချင်းတို့က အတင်း ဆွဲခေါ်၍ ပါသွား၏။ ရောက်လျှင် မင်းကြီးက တအံ့တသြမေး၏။

"အို...ယောကျ်ား၊ အထက်ကနေပူသည်၊ ခြစ်ခြစ်တောက် ပူ၏။ အောက်က သဲပူသည်။ မီးကျီးခဲတမျှ ပူ၏။ သို့ပါလျက် ပုဆိုးတစ်ထည်ကိုခြုံပြီး သီးချင်းဆိုသေး၏။ နေပူသဲပူတို့ သင့်မှာ မပူဘဲ ရှိသလား"

"အရှင်မင်းကြီး၊ အကျွန်ုပ်ကို နေပူသဲပူတို့က မပူလောင်ပါ၊ ဝတ္ထုကာမ၊ ကိလေသာကာမတို့က ပူလောင်ပါသည်"ဟု လျှောက်ထား၏။

(မှတ်ချက်) "ဝတ္ထုကာမ"သည် တဏှာ၏ အာရုံအကြောင်း ဖြစ်သော ရွှေ၊ ငွေ၊ ကျောက်၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ သား,မယားစသည်တို့ကိုခေါ်သည်။ "ကိလေသာကာမ"သည် လိုချင်တပ်မက်မှု တဏှာခေါ် လောဘ စေတသိက်တရားကို ခေါ်သည်။

မင်းကြီးက....

"သင့်ကိစ္စက အဘယ်ကိစ္စနည်း"

"အကျွန်ုပ်က တောင်တံခါးဝမှာ နေပါ၏။ ဆင်းရဲပါ၏။ မိန်းမကပွဲသဘင်သွားရန် မြောက်တံခါးအုတ်ခဲကြားတွင်၊ ထားသော အသပြာငွေကိုယူခိုင်းသဖြင့် လာခဲ့ပါ။ မိန်းမကဆည်ပွဲသဘင် သွားချင်သည်ဆိုသော စကားမှာ စိတ်ထဲက စွဲနေပါ၏။ ထို ကာမ အပူသည်သာ အကျွန်ုပ်ကို ပူလောင်စေပါ၏"

www.dhammadownload.com



"နေပူသဲထဲ ဘာကြောင့် ပျော်ပျော်ကြီးသွားနိုင်သနည်း"

"ထိုအသပြာကိုယူပြီး မိန်းမနှင့် တူစုံတွဲ၍ ပွဲသဘင်သွားရမည် ဖြစ်သောကြောင့် ပျော်၍နေပါ၏"

"အို....ယောကျ်ား၊ သင် သွားယူသည့်အသာပြာမှာ တစ်သိန်းလော"

"မဟုတ်ပါ"

"တစ်သောင်းလော"

"မဟုတ်ပါ"

"တစ်ထောင်လော"

"မဟုတ်ပါ"

ဤသို့မေးရင်းက "ပဲဝက်လော"ဟုမေးမှ"ဟုတ်ပါသည်" ဟု လျှောက်ထား၏။

"နေပူကြီးထဲမသွားပါနှင့်၊ ပဲဝက်ကိုငါပေးမည်"

"အရှင်ပေးသောပဲဝက်ကိုလည်းယူပါမည်၊ ကျွန်ုပ်ကိုယ်တိုင် ပဲဝက်ကိုလည်း မစွန့်နိုင်ပါ၊ သွား၍ယူပါမည်"

"မသွားပါနှင့်၊ တစ်ပဲပေးမည်"

"တစ်ပဲလည်းယူမည်၊ ပဲဝက်လည်းသွားယူပါမည်"

ဤသို့ဖြင့် တစ်ကျပ်၊ နှစ်ကျပ်၊ တစ်ရာ၊ နှစ်ရာမှ-ကုဋေ တစ်ရာ သူဌေးသားရာထူး၊ အိမ်ရှေ့မင်းရာထူးပေးသည်အထိ

"မင်းကြီးပေးသော်လည်း ယူပါမည်၊ အကျွန်ုပ်ပိုင် ပဲဝက်ကို လည်း ယူပါမည်"ဟု အလျှော့မပေးလေသဖြင့်၊ မင်းကြီးက-

www.dhammadownload.com



"မသွားနှင့်၊ ထီးနန်းစည်းစိမ်တစ်ဝက်ပေးမည်"ဟုဆိုမှ "သွားမယူတော့ပါ"ဟု ဝန်ခံလေတော့၏။

## ရေသည်ယောကျ်ားမင်းဖြစ်ပြီးနောက်

ထိုနောက် မင်းကြီးသည် အဆွေခင်ပွန်း ရေသည်အား မှတ်ဆိတ်၊ ဆံပင်တို့ကိုပြုပြင်၊ နံ့သာရေချိုးစေပြီး အဘိသိက် သွန်းကာ မင်းမြှောက်၏။

မင်းဖြစ်ပြီးသော် ဆင်းရဲစဉ်က ခြစ်ခြစ်ခြုတ်ခြုတ် စုထား ရသော မြှောက်တံခါးအုတ်ကြားမှ ပဲဝက်အသပြာကို သွား၍ ယူသေးသပြင့် (အမှုမာသကမင်း)ဟု ခေါ်ကြ၏။

မင်းနှစ်ပါးတို့သည် တိုင်းပြည်ကို တစ်ဝက်စီခွဲဝေ အုပ်ချုပ် ကာ ရှင်လန်း ဝမ်းမြောက်စွာ နေကြကုန်၏။

## လောဘဖောက်ပြန် သတ်ဖို့ကြံ

အချိန်ကာလကြာမြင့်သော် တစ်နေ့တွင် မင်းနှစ်ပါးတို့ ဥယျာဉ်ကစားရန် သွားကြ၏။

ဥယျာဉ်တော်သို့ရောက်လျှင် ဥဒယမင်းသည် ရေသည်မင်း ၏ပေါင်ပေါ်၌ အိပ်ပျော်သွား၏၊ အခြံအရံတို့သည် ဥယျာဉ် တွင် လှည့်လည်နေခိုက်၊ ရေသည်မင်းက "ငါမှာ တိုင်းပြည် တစ်ဝက်သာ အုပ်ချုပ်ရသည်။ ဥဒယမင်းကိုသတ်၍ တစ်တိုင်း ပြည်လုံးမင်းပြုမည်"ဟု ကြံစည်လျက် သန်လျက်ကို ထုတ်၏။

ထိုနောက် ငါ့ကျေးဇူးရှင်ကြီးပါလား၊ တိုင်းပြည်တစ်ဝက် သတ်သင့်ခွဲပေးထားသည်ကိုပင် လိုချင်ရမက်လောဘတက်ပြီး တစ်တိုင်းပြည်လုံး ပိုင်ချင်စောဖြင့် ကျေးဇူးရှင်ကြီးကိုသတ်ရန်

www.dhammadownload.com



ကြံမိပါပကောလား”ဟု အသိတရားရလျက် သန်လျက်ကို အိမ်အတွင်းသို့ပြန်သွင်း၏။

နောက်တစ်ဖန် အလိုရမက်ဆိုးက ဟိုက်တွန်းပြန်သဖြင့် သန်လျက်ကို ထုတ်ပြန်၏။ ဤသို့ နှစ်ကြိမ်, သုံးကြိမ် ဖြစ်ပြီးမှ “ဤစိတ်မျိုး အဖန်ဖန်ဖြစ်နေလျှင် မကောင်းမှု အကုသိုလ်သာ ဖြစ်ပေလိမ့်မည်”ဟု ဥဒယမင်းကိုနှိုး၍ “သည်းခံတော်မူပါ ဟု မြေမှာဝပ်ကာရှိခိုးတောင်းပန်လေ၏။

“သင် ဘာအပြစ်ရှိ၍ တောင်းပန်သလဲ”ဟု မေးရာ....

မိမိစိတ်ကူးကျူးလွန်မိသမျှ ပြောပြ၍ ဝန်ချ တောင်းပန်လေရာ၊ ဥဒယမင်းက “သင့်ကို ငါသည်းခံ၏။ သင်လိုလျှင် မင်းအဖြစ်ယူပါ၊ ငါ အိမ်ရှေ့မင်း ပြုပါမည်”ဟု ပြော၏။

“မင်းကြီး၊ ဤလိုချင်သော လောဘတဏှာသည် အပါယ်သို့ ရောက်ကြောင်းသာဖြစ်သည်၊ ဤကာမဂုဏ်ကား ကြံ့စည်လေ ပွားလေလေ ဖြစ်၍ ကာမဂုဏ်ကို မကြံစည်တော့” ဟု ဥဒါန်း ကျူးရင့်၍ လူအပေါင်းတို့အား တရားဟောကြားပြီး ဥဒယမင်းအား နန်းပြန်အပ်ကာ ရဟန်းအဖြစ် ဟိမဝန္တာသို့ ဝင်ကာ ဈာန်အဘိညာဏ်ကို ဖြစ်စေ၏။

## ဥဒယမင်း၏ ဥဒါန်းကျူးရင့်သံ

ဥဒယမင်းသည် အမှုမာသက (ရေသည်မင်း)ရဟန်းပြုပြီးနောက် ဥဒါန်းကျူးရင့်သည်မှာ....

“ငါ၏ ကြီးကျယ်မြင့်မြတ်သောအကျိုးကား နေ့တစ်ဝက် ဥပုသ်ကံ၏ အကျိုးဖြစ်၏။

www.dhammadownload.com



အနုမာသမင်းကား ကာမဂုဏ်တို့ကိုစွန့်ပယ်၍ ရဟန်းပြုခဲ့သဖြင့် လူ့အဖြစ်ကို အရတော်လေစွာ့တကား။

ဤဥဒါန်း၏ အဓိပ္ပယ်အပြည့်အစုံကို မည်သူမျှ မသိကြချေ၊ မိဖုရားကြီးက သိလို၍မေး၏။ မင်းကြီးက မပြောကြားချေ။

## ဂင်္ဂမာလ ဆတ္တာသည်

ဂင်္ဂမာလဆတ္တာသည်သည် မင်းကြီး၏ ဆံပင်ကို ရိတ်၏။ နောက်မှ မုတ်ဆိတ်များကို နုတ်၏။ မင်းကြီးကနာလွန်းသဖြင့် မုတ်ဆိတ်ကို အရင်နုတ်ပြီးမှ ဆံပင်ကို ရိတ်စေ၏။

တစ်နေ့တွင် မိဖုရားကြီးနှင့် စကားပြောကြရင်း"ဂင်္ဂမာလသည်မိုက်လှသည်၊ ငါ့ကို ဆံပင်ရိတ်ပြီးမှ မုတ်ဆိတ်နုတ်သည်မှာ နာကျင်လှသည်"ဟု ပြော၏။

မိဖုရားကြီးသည် ဂင်္ဂမာလအား မင်းကြီးအကြိုက်ကို လုပ်ပေးရန်ပြောပြီး "မင်းကြီးက စိတ်ကြိုက်တွေ့၍ သင့်အားဆုပေးမည်ဆိုလျှင် အခြားဆုကိုမယူလင့်၊ ရွတ်ဆိုနေကြ ဥဒါန်းဂါထာ၏ အဓိပ္ပာယ်ကို ကြားနာလိုပါသည်ဟုသာ လျှောက်တင်"ဟု တိတ်တဆိတ်မှာကြား၏။

## ဂင်္ဂမာလဆတ္တာသည် တောင်းသောဆု

ဆတ္တာသည်သည် မင်းကြီးအား မုတ်ဆိတ်ကိုနုတ်ပြီးမှ ဆံရိတ်၍ပေး၏။ မင်းကြီးသဘောကျ၍ဆုပေး၏။ ဥဒါန်းဂါထာ အဓိပ္ပာယ်ကို ရှင်းပြသောဆုကိုသာတောင်း၏။ မင်းကြီးသည် ကောင်းပြီဟု ဆိုကာ ရတနာမဏ္ဍပ်နှင့် ပလ္လင်စီရင်စေ၍ မိမိ၏ နောင်ဘဝက အဖြစ်အပျက်ကို သိသော ဇာတိဿရဉာဏ်ကို သိမြင်သည့်အတိုင်း(နေ့တစ်ဝက်ဥပုသ်စောင့်၍) ဤစည်းစိမ်ကို ရခဲ့ကြောင်းနှင့် မိတ်ဆွေ(အနုမာသက)မင်းကား ဤစည်းစိမ်

www.dhammadownload.com



ကိုစွန့်၍ ရဟန်းပြုရ၏။ ငါမူကား မင်းပြု၍သာနေခဲ့၏ဟု အဖြစ်အပျက်ကိုရှင်းပြ၏။

## ဂင်္ဂမာလရဟန်းပြု ရှင်ပစ္စေကဗုဒ္ဓါဖြစ်

ဂင်္ဂမာလ ဆတ္တာသည်သည် မင်းကြီး၏ ဥဒါန်းဂါထာအဓိပ္ပာယ်ကိုကြားသိရသည်နှင့် "နည်းပါးလှသော နေ့တစ်ဝက် ဥပုသ်ကံကြောင့် ကြီးကျယ် မြင့်မြတ်သော နန်းစည်းစိမ်ကို ရသေး၏။ ကုသိုလ်ကောင်းမှုတို့ကား ပြုသင့်သည်သာတည်း"ဟု အသိတရားဝင်၍ မင်းကြီးထံ ခွင့်ပန်ပြီး ရဟန်းပြုကာ ဟိမဝန္တာသို့ဝင်၍ ဝိပဿနာပွားရာမှ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်၍ နန္ဒမူလိုဏ်ဂူ၌ နေလေသည်။

## ပစ္စေကဗုဒ္ဓါကြွလာခြင်း

ငါးနှစ်မျှကြာသော်၊ မင်းကြီးကို ကြည့်ရှုရမည်ဟု ဗာရာဏသီပြည်သို့ကြွ၍ ဥယျာဉ်တော်၌နေ၏။ မင်းကြီး ကြားလျှင် ပရိသတ်နှင့်တကွ ဥယျာဉ်တော်သို့လာ၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က–

"ဗြဟ္မဒတ်၊ ကောင်းမှုပြု၏လော၊ မေ့လျော့နေသလော" ဟု မေး၏။

မယ်တော်သည် အမျိုးယုတ် ဆတ္တာသည်က ငါ့သားကို ဗြဟ္မဒတ်ဟု ခေါ်ရသလားဟု စိတ်ဆိုး၍–

"ဂင်္ဂမာလ၊ သတ္တဝါတို့သည် မြတ်သော အကျင့်ဖြင့် ယုတ်မာမှုကို စွန့်ကြ၏။ ဆတ္တာသည်၊ သင်သည် ငါ့သားကို နှိမ့်ချ၍ ဗြဟ္မဒတ်ဟုခေါ်ရသလော"ဟု မေးလေ၏။ ထိုအခါ မင်းကြီးက–

www.dhammadownload.com



"မယ်တော်၊ သီလ၏အကျိုးကား လူတိုင်း၏ ရှိခိုးခြင်းကို ခံရ၏။ သားတော်နှင့်အမတ်တို့ ရှိခိုးရခြင်းမှာ သီလ၏ မျက်မှောက် အကျိုးဖြစ်သည်ကို ကြည့်ပါလော"

ဟု ပစ္စကဗုဒ္ဓါ၏ ဂုဏ်ကျေးဇူးကို ချီးကျူးလေ၏။ လူအပေါင်းတို့ကလည်း "အမျိုးယုတ်သူက မင်းကြီး အမည်ကို မခေါ်သင့်"ဟု ပြော၏။ မင်းကြီးက "သင်တို့သည် အရှင်ဂင်္ဂမာလကို တစ်စုံတစ်ခုမျှ မပြောနှင့်၊ စိုးရိမ်ခြင်းကင်းသော ရဟန္တာတို့ ကူးမြောက်ရာ သမုဒ္ဒရာသို့ (အရှင်ဂင်္ဂမာလ)သည် ကူးမြောက်ခဲ့ပေပြီ"ဟု ပစ္စေကဗုဒ္ဓါ၏ဂုဏ်ကျေးဇူးကို ချီးကျူးပြီး မင်းပရိသတ်တို့အား ကန်တော့စေကာ ပစ္စေကဗုဒ္ဓါ အရှင်ကိုလည်း–

"အရှင်ဘုရား၊ မယ်တော်အား သည်းခံတော်မူပါ"ဟု လျှောက်၏။

"မင်းကြီး၊ ငါသည်းခံ၏"ဟု မိန့်တော်မူသည်။

ပစ္စေကဗုဒ္ဓါအရှင်အား မိမိထံ၌ သီတင်းသုံးပါရန် လျှောက်၏။ ခွင့်ပြုတော်မမူဘဲ မင်းကြီးနှင့် ပရိသတ်များ ရှေ့မှောက်တွင်ပင် ကောင်းကင်ခရီးဖြင့် နန္ဒမူလိုဏ်ဂူသို့ ကြွသွားတော်မူလေ၏။

## ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| အဋ္ဌမာသကမင်းသည် | – | အာနန္ဒာ၊ |
| မယ်တော်သည် | – | မဟာမာယာ၊ |
| မိဖုရားကြီးသည် | – | ရာဟုလာမယ်တော်၊ |
| ဥဒယမင်းသည် | – | ငါဘုရားဖြစ်လာ၏– |

ဟု ဇာတ်တော်ကိုပေါင်း၏။

❁

www.dhammadownload.com

## ၆။ မုသားသစ္စာ ဆိုသောအခါ

### (အဋ္ဌကနိပါတ် ၄၂၂၊ စေတိယဇာတ်)

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်– ဒေဝဒတ် မုသားဆို၍ မြေမျိုခြင်းအကြောင်းနှင့်စပ်လျဉ်း၍ အတိတ်ဇာတ်ကို ဟောကြားတော်မူသည်ကား–

### အတိတ်ဇာတ်

ကမ္ဘာဦးက လူတို့သည် အသေချေ်ယျ တိုင်အောင် အသက်ရှည်ကြ၏။ ပထမဆုံးသော မဟာသမ္မတမင်း၏ ဆယ့်တစ်ဆက်မြောက် မင်းကား ဥပစရ အမည်ရှိ စေတိယမင်း ဖြစ်၏။ စေတိယတိုင်း သောတ္ထိယမြို့၌ မင်းပြု၏။

စေတိယမင်း၏ တန်ခိုးကား–

(၁) ကောင်းကင်ခရီးဖြင့် သွားနိုင်၏။

(၂) သန်လျက်ကိုင် နတ်သားလေးယောက် စောင့်ရ၏။

(၃) ကိုယ်မှ စန္ဒကူးနံ့မွှေး၏။

(၄) ခံတွင်းမှ ကြာညိုနံ့ မွှေး၏။

ထိုမင်း၏ ပုရောဟိတ်ပုဏ္ဏားသည် "ကပိလ"ဖြစ်၏။

ပုရောဟိတ်၏ ညီ "ကောရကလမ္ဗက"သည် စေတိယမင်းနှင့် ကျောင်းနေဖက် ဖြစ်၏။ ငါမင်းဖြစ်လျှင် သင့်ကို ပုရောဟိတ် ခန့်မည်ဟု ပြောခဲ့ဖူး၏။

စေတိယယမင်း မင်းဖြစ်လျှင် "ကပိလ"အား ရာထူးမှ မချနိုင်ခဲ့။

www.dhammadownload.com



မင်းသည် ပုရောဟိတ်အစားလာလျှင် အရှိအသေပြု၍သာ စကားပြော၏။ တရင်းတနှီးမရှိ၊ ပုရောဟိတ်သည် ဤမင်းက ရှယ်တူကိုသာ ခစားစေလိုသည်ဟုသိ၍ မင်းထံ ပန်ကြားကာ ရသေ့ရဟန်းပြုပြီးလျှင် ဈာန်အဘိညာဉ်ကိုအားထုတ်၍ သားကို အမှီပြုကာ ဥယျာဉ်တော်မှာပင် နေ၏။

## သူငယ်ချင်းကို စန့်ထားလို

ပုရောဟိတ်ညီ "ကောရကလမ္ဗက" သည် အစ်ကို ရဟန်း ပြုသွားသော်လည်း ငါ့ကို ပုရောဟိတ်ရာထူး မပေးသေးဟု စေတိယမင်းအပေါ် စိတ်ဆိုးနေ၏။

ထိုသည်ကိုသိ၍ မင်းကြီးက–

"သင့်ကို ငါခန့်သည်၊ ပုရောဟိတ်ရာထူးကို ယူလော့"ဟု ဆို၏။

ကောရကပမ္ဗက က–

"မင်းကြီး ပေးသော်လည်း မရနိုင်ပါ၊ အစဉ် အလာ အားဖြင့် ဖခင်ပုရောဟိတ်၏ရာထူးကို သားက ဆက်ခံရမည်" သာ ဖြစ်ပါသည်။

"သင်ရအောင် ငါလုပ်ပေးမည်"

"အဘယ်သို့ လုပ်မည်နည်း"

"သင့်ကို အစ်ကိုဟုပြော၍ သင့်အစ်ကိုအားသင့် ညီဖြစ်သည် ဟုငါကြေညာမည်"

"ညီကို အစ်ကိုဖြစ်အောင် ဘယ်လိုပြောနိုင်မည်နည်း"

"ငါမုသားဆို၍ ဖြစ်အောင်လုပ်မည်"

www.dhammadownload.com



"မင်းကြီး သိပါသည်၊ အစ်ကိုကား အတတ်ပညာဖြင့် အံ့ဖွယ်ဂုဏ်နှင့်ပြည့်စုံသဖြင့် မင်းကြီးကို လှည့်စားလိမ့်မည်၊ မုသားဆိုလျှင် မင်းကြီး ကိုယ်နှင့် ခံတွင်းမှ နံစော်လိမ့်မည်၊ ကောင်းကင်ပျံရာမှ မြေသို့ကျမည်၊ မြေမျိုလိမ့်မည်၊ ဤသို့ဖြစ်လျှင် မင်းကြီးသည် မိမိစကားကိုပြင်ရလိမ့်မည်"ဟု ပြော၏။

"သင်သည်လိုမထင်နှင့်၊ ငါလုပ်နိုင်ပါသည်"

"ဘယ်တော့လုပ်မည်နည်း"

"ယနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့မှ စ,ပြုလုပ်မည်"

## မုသားစကား မကြားဖူး၍

ရှေးခေတ်ဦးက လူတို့သည် မုသားစကားပြောလေ့မရှိကြ မုသားစကား ပြောမည်ဟူသော သတင်းမှာ အံ့ဖွယ်သတင်း ဖြစ်၏။ မုသားဆိုသည်မှာ ဖြူသလား၊ မည်းသလားဟု သိချင်ကြ၏၊

မင်းကြီးသည် မုသားစကားဖြင့် အကြီးကိုအငယ်၊ အငယ်ကို အကြီးလုပ်ပြီး ပုရောဟိတ်ရာထူး ပေးလိမ့်မည် ဟူသော စကားမှာ အများစိတ်ဝင်စားနေကြ၏။

ပုရောဟိတ် သားသည် ဖခင်ရသေ့ကြီးထံသွား၍—

"မင်းကြီးသည် မုသားဆိုကာ ဖခင်ကို အငယ် ပြုလုပ်၍ ဘထွေးကို အကြီး ပြုလုပ်ကာ ဘထွေးကို ပုရောဟိတ်ရာထူး ပေးလိမ့်မည်"ဟု ပြော၏။ ကပိလ ရသေ့ကြီးက—

"မုသားဆို၍ ရာထူး ပေးလိမ့်မည်မဟုတ်၊ ဘယ်နေ့မှာ မုသားဆိုမည်နည်း"ဟု မေး၏။

www.dhammadownload.com



"ခုနစ်ရက်မြောက်သောနေ့မှာဆိုပါလိမ့်မည်"ဟု ပြောလျှင် "ငါ့ကိုလာ၍ အကြောင်းကြားလှည့်"ဟု ပြောကြား၏။

ထိုနေ့တွင် "မုသားကိုကြည့်ရအောင်"ဟုမြို့သူမြို့သားတို့ နန်းရင်ပြင်သို့ရောက်လာကြ၏။ ပုရောဟိတ်သားအကြောင်းကြား၍ ကပိလရသေ့ကြီးသည် မင်းကြီး၏ ရှေ့မှ နိသီဒိုင်အခင်းကိုခင်း၍ ထိုင်နေ၏။ ထို့နောက် မင်းကြီးအား မုသားစကားပြောမည်မှာ ဟုတ်သလားဟုမေး၏။ ဟုတ်မှန်ပါသည် ဆိုလျှင် ကပိလရသေ့ကြီးက–

"မင်းကြီး"

မုသားပြောခြင်းသည် တရားကို သတ်သည်မည်၏။

သင်တရားကိုသတ်ခဲ့လျှင် ကြီးသူတို့အား အရိုအသေပြုအပ်သော တရားသည် ပျက်လိမ့်မည်၊ ထိုအခါ မိမိကိုယ်ကို ပြန်၍သတ်ခြင်းဖြစ်လိမ့်မည်။

မသတ်သင့်သော တရားသည် မည်သူ့ကိုမျှ မသတ်။

ထို့ကြောင့် တရားကို မသတ်သင့်။

အသတ်ခံရသော တရားက သင့်ကိုပြန်၍ မသတ်ပါစေနှင့်။

ထို့နောက် တစ်ဖန်–

"မင်းကြီး၊ ညီနှင့်အစ်ကို ပြဿနာကို သင် သိလျက်နှင့် မဟုတ်မမှန်လုပ်ကြံ ပြောလျှင် အစောင့် နတ်လေးပါးတို့ ဖယ်ခွာသွားကြလိမ့်မည်၊ ကိုယ်နှင့်ခံတွင်းမှ အပုပ်နံ့ ထွက်လိမ့်မည်၊ ကောင်းကင်မှာ ပျံနိုင်ခြင်းမှ မြေသို့ကျလိမ့်မည်" ဟုမုသားပြောခြင်း၏အပြစ်ကိုပြကာ ဆုံးမ၏။

www.dhammadownload.com



## မုသားစကားကြောင့်တန်ခိုးကွယ်

**မင်းကြီးသည်** ရသေ့စကားကြားရလျှင် ကြောက်ရွံ့၍ **ကောရကလမ္ဗကကို** လှမ်းကြည့်လေလျှင် "မင်းကြီး၊ အခုမှ **တော့ ကြောက်မနေပါနှင့်၊** အစကဒီလိုဖြစ်မည်ကို ပြောခဲ့သား **ပဲ"ဟု အားပေး၏။**

မင်းကြီးသည် မထူးတော့ပြီဖြစ်၍–

"အရှင်ဘုရား၊ အရှင်ဘုရားက ညီငယ်ဖြစ်၍ ကောရက လမ္ဗကသည် အစ်ကိုကြီး ဖြစ်ပါသည်"ဟု မုသားစကား ဆို လေ၏။

ထိုခဏ၌မင်းကြီးကို စောင့်သောနတ်သားလေးယောက်က မုသားဆိုသော မင်းကြီးကို မစောင့်ရှောက်လိုဟု သန်လျက် များ မင်းကြီးရှေ့ချကာ ထွက်ခွာသွားကြ၏။

ခံတွင်းမှကြက်ဥပုပ်နံ့၊ ကိုယ်မှ မစင်အနံ့တို့ကို နံကြ၏။

ကောင်းကင်ပျံနိုင်ခြင်း တန်ခိုးကွယ်လေ၏။

## တားမြစ်လျက် ထပ်ဆိုပြန်

ရသေ့ကြီးက သတိပေး၏။

"မင်းကြီး အမှန်ကိုအမှန်အတိုင်း ပြန်ပြောလျှင် ယခင်က အတိုင်း တန်ခိုးများ ပြန်ရမည်"ဟု ပြော၏။

ရသေ့ကြီးက သတိပေး ဆုံးမသော်လည်း မနာခံ။

"သင်သည် ညီငယ်ဖြစ်၏။ ကောရကလမ္ဗကသည် အစ်ကို ကြီးဖြစ်၏"ဟု ထပ်၍ နှစ်ကြိမ်မြောက် မုသားဆိုပြန်၏။

**ထိုအခါ စေတီယမင်း၏ ခြေဖမျက်တို့သည် မြေ၌နစ်လေ၏။**

www.dhammadownload.com



## မှသားဆိုလျှင် မိုးမမှန်

"မင်းကြီး၊ မဟုတ်မမှန်သော မင်းကြီး၏ တိုင်းပြည်၌ မိုးတို့သည် မရွာသင့်သောအချိန်၌ ရွာတတ်၏။ ရွာသင့်သော အချိန်၌မရွာ" ဖြစ်တတ်၏။

"မင်းကြီး အမှန်ကိုပြင်၍ပြောပါ၊ ရှေးကအတိုင်း တန်ခိုး ရှိမည်၊ မမှန်စကားဆက်ပြောလျှင် မြေကြီးထဲ ဝင်ရလိမ့်မည်" ဟု ပြောဆိုဆုံးမပြန်၏ မင်းကြီးလည်း နားမထောင်ဘဲ–

"သင်ကားညီငယ်၊ ကောရက လမ္ဗကသည် အစ်ကိုကြီး"ဟု သုံးကြိမ်မြောက် မှသားဆိုပြန်၏။

ထိုအခါ ဒူးဆစ်တိုင်အောင် မြေမျို၏။

## မှသားပြောကလျှာနှစ်ခွ

ကပိလရသေ့ကြီးက ထပ်၍သတိပေးပြန်၏။

"မင်းကြီး၊ မှသားစားပြောသူသည် မြွေ၏ လျှာကဲ့သို့ လျှာနှစ်ခွဖြစ်တတ်၏။

"မင်းကြီး၊ အမှန်ပြင်ပြောလျှင် ရှေးကအတိုင်း ပြန်၍ ဖြစ်မည်၊ မဟုတ်မမှန် ထပ်ပြောလျှင် မြေ၌ ထပ်၍ နစ်လိမ့်မည်"

"စေတိယမင်းသည် ထိုစကားအတိုင်း (လေးကြိမ်မြောက်) မှသားဆိုပြန်၏။

ခါးတိုင်အောင် မြေမျို၏။

## မှသားဆိုက လျှာပြတ်ကြ

ကပိလရသေ့ကြီးသည် ထပ်၍သတိပေးပြန်၏။

"မင်းကြီး၊ မှသားစကားပြောသူသည် ငါးကဲ့သို့ လျှာ ပြတ်၍နေတတ်သည်"

www.dhammadownload.com



"မင်းကြီး၊ အမှန်ကို ပြင်ပြောလျှင် ရှေးကအတိုင်း ပြန်၍ ဖြစ်မည်၊ မဟုတ်မမှန်ထပ်ပြောလျှင် မြေ၌ထပ်၍နစ်လိမ့်မည်"

စေတိယမင်းသည် ထိုစကားအတိုင်း (ငါးကြိမ်မြောက်) မုသားဆိုပြန်၏။

ချက်တိုင်အောင် မြေမျို၏။

## မုသားဆိုငြား ထိုသူအား သားယောက်ျားများမရနိုင်

ကပိလရသေ့ကြီးသည် ထပ်၍ သတိပေးပြန်၏။

"မင်းကြီး၊ မုသားစကားပြောသူသည် သားယောက်ျားကို မရနိုင်၊ ရပါသော်ငြား ကိုယ့်စကား နားမထောင်ဘဲ နေလိမ့်မည်"

"မင်းကြီး၊ အမှန်ကို ပြင်ပြောလျှင် ရှေးအတိုင်း ပြန်၍ ဖြစ်မည်၊ မဟုတ်မမှန်ထပ်ပြောလျှင် မြေ၌ထပ်၍နစ်လိမ့်မည်"

ခြောက်ကြိမ်မြောက်လည်း ထပ်၍ မုသားပင် ဆိုပြန်၏။

ထိုအခါ သားမြတ်တိုင်အောင် မြေမျိုလေ၏။

## မုသားကြောင့် အပါယ်ရွာကျရှာပေလိမ့်မည်

ကပိလရသေ့ကြီးသည် ထပ်၍ သတိပေးပြန်၏။

"မင်းကြီး၊ မုသားစကားပြောသူသည် အပါယ်ငရဲသို့ ကျလိမ့်မည်"

"မင်းကြီးအမှန်ကို ပြင်ပြောလျှင် ရှေးကအတိုင်း ပြန်၍ ဖြစ်မည်"

## စေတိယမင်းမြေမျိုခြင်း

စေတိယမင်းသည် နားမထောင်၊ ခုနစ်ကြိမ်မြောက် မုသားကိုထပ်၍ဆိုသည်နှင့် မြေကြီး ဟက်တက်ကွဲ၍ ငရဲမီးလျှံများ ဘက်လာပြီး စေတိယမင်းအား ဆွဲယူသွားလေ၏။

www.dhammadownload.com



လူအပေါင်းတို့က စေတိယမင်းသည် ရသေ့သူတော်ကောင်းကို ဆဲရေး၍ မုသားဆိုခြင်းကြောင့် အဝီစိငရဲသို့ ရောက်ရ၏ဟု ထိတ်လန့်တုန်လှုပ်ကြကုန်၏။

## မြို့ကြီး ငါးမြို့ တည်ကြခြင်း

စေတိယမင်း၏ သားငါးယောက်တို့သည် ရသေ့ကြီးခြေရင်းသို့ ကပ်လျက်ရှိခိုးပြီး"အကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူပါ"ဟု လျှောက်ကြ၏။

ကပိလရသေ့ကြီးက–

"မင်းသားတို့၊ သင်တို့ ဖခင်သည် မုသားဆို၍ ရသေ့ကို ဆဲရေးသောကြောင့် အဝီစိငရဲသို့ ကျရ၏"

"တရားကိုသတ်သောသူသည်၊ တရားက ပြန်သတ်ခြင်းခံရ၏"

"အမောင်တို့၊ ဤအရပ်၌ နေခြင်းငှာမသင့်"ဟုမိန့်ဆိုပြီး–

**မင်းသားအကြီးဆုံးကို** "အရှေ့တံခါးဖြင့် ထွက်၍ ဆင်ဖြူရတနာတွေ့ရာ အရပ်၌ မြို့တည်လော့၊ ထိုမြို့သည် (ဟတ္ထိပုရမြို့)ဖြစ်လိမ့်မည်။

**ဒုတိယမင်းသားကို** "တောင်တံခါးမှ ထွက်၍ မြင်းဖြူရတနာတွေ့ရာ အရပ်၌ မြို့တည်လော့၊ (အဿပုရမြို့) ဖြစ်လိမ့်မည်။

**တတိယမင်းသားကို** "အနောက်တံခါးမှထွက်၍ ကေသရာဇာခြင်္သေ့တွေ့ရာအရပ်၌မြို့တည်လော့၊ (သီဟပုရမြို့) ဖြစ်လိမ့်မည်။

www.dhammadownload.com



စတုတ္ထမင်းသားကို "မြောက်တံခါးဖြင့် ထွက်၍ ရတနာ အပြည့်နှင့်ရထားလှည်းတွေ့ရာအရပ်၌ မြို့တည်လော့၊ (ဥတ္တရပဉ္စာလမြို့) ဖြစ် လိမ့်မည်။

ပဉ္စမ မင်းသားကို "ဤမြို့၌ ကြီးစွာသော စေတီကို တည် ပြီးလျှင် မြို့မှထွက်၍ အနောက်မြောက် အရပ်၌ တောင်းချင်းခတ်သံ ကြားရာ အရပ်၌ မြို့တည်လော့၊ (ဒဒ္ဒရမြို့)ဖြစ် လိမ့်မည်"ဟု ညွှန်ကြား၏။ ရသေ့ကြီး အမိန့်အတိုင်း သွား၍ မြို့တည်ကြ၏။

## ဇာတ်ပေါင်းသော်

စေတိယမင်းသည်-ဒေဝဒတ်၊
ကပိလပုဏ္ဏားသည်-ငါဘုရား ဖြစ်လာ၏။

❋

### (ဇာ-၄၂၂၊ စေတိယဇာတ် အကျဉ်းမှတ်ရန်)

စေတိယမင်းသည် တန်ခိုးလေးပါးရှိ၏။
(၁) ကောင်းကင်ခရီးဖြင့် သွားနိုင်၏။
(၂) နတ်သားလေးယောက်စောင့်ရ၏။
(၃) ကိုယ်မှ စန္ဒကူးနံ့ မွှေး၏။
(၄) ခံတွင်းမှ ကြာညိုနံ့မွှေး၏။

www.dhammadownload.com



သူငယ်ချင်းကို ပုရေဟိတ်ခန့်ထားလို၍ မှသားစကားပြောဏ်။
မုသားစကား မကြားဖူး၍ အံ့ဖွယ်သတင်းဖြစ်၏။
မုသားဆိုသည့်နေရာ ကြည့်ရအောင်း လာကြ၏။
မုသားစကား ဆိုသောအခါ–

(၁) ကောင်းကင်ပျံနိုင်ခြင်း တန်ခိုးကွယ်၏။

(၂) အစောင့်နတ်သားလေးယောက် ကွယ်၏။

(၃) ကိုယ်မှ မစင်နံ့ နံ၏။

(၄) ခံတွင်းမှ ကြက်ဥပုပ်နံ၏။

ဒုတိယအကြိမ် မုသားဆက်ပြော၏။

မိုးမမှန် လေမမှန်ဖြစ်၏။
ခြေဖမျက်တို့သည် မြေ၌ နစ်၏။
သုံးကြိမ်မြောက် မုသားဆိုပြန်၏။
ဒူးဆစ်တိုင်အောင် မြေမျို၏။
မြွေကဲ့သို့ လျှာနှစ်ခွဖြစ်၏။
လေးကြိမ်မြောက် မုသားဆိုပြန်၏။
ငါးကဲ့သို့ လျှာပြတ်၍နေ၏။
ခါးတိုင်အောင် မြေမျို၏။
ငါးကြိမ်မြောက် မုသားဆိုပြန်၏။
ချက်တိုင်အောင် မြေမျို၏။
ရသေ့ကြီးက သတိပေးပြန်၏။
မုသားစကား ပြောသူသည် သားယောက်ျားကို မရနိုင်။
ပြေါ်သော်ငြား ကိုယ့်စကား နားမထောင်ဘဲ နေလိမ့်မည်။

www.dhammadownload.com



ခြောက်ကြိမ်မြောက် မုသားဆိုပြန်၏။
သားမြတ်တိုင်အောင် မြေမျို၏။
မုသားပြောက ငရဲကျမည်။
ခုနစ်ကြိမ်မြောက် မုသားဆိုပြန်၏။

မြေကြီး ဟက်တက်ကွဲ၍ ငရဲမီးလျှံများ တက်လာပြီး စေတိယမင်းအား ဆွဲယူသွားလေ၏။

ဤကား စေတိယဇာတ် အကျဉ်တည်း။

✻

## ၇။ မီးသောင်အိမ်မှ ဆုဘ်ဆောင်လှူပါ
## (အဋ္ဌကနိပါတ် ၄၅၄၊ အာဒိတ္တဇာတ်)

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်-

ကောသလမင်းကြီးသည် ခုနစ်ရက်ပတ်လုံး သူတစ်ပါးတို့ မလှူနိုင်သော၊ သူတစ်ပါးတို့မလှူဖူးသော "အသဒိသ"အလှူ တော်ကြီးကို ပေးလှူ၏။

ထိုသို့ ပေးလှူရာတွင် အလှူခံပုဂ္ဂိုလ်ကို စိစစ်၍ပေးလှူ၏။

ရဟန်းတို့သည် တရားသဘင်၌ "ကောသလမင်းကြီးသည် လယ်ယာမြေကောင်း ဖြစ်သော ဘုရားအမှူးရှိသော သံဃာ တော်များကိုသာ စိစစ်ရွေးချယ်၍ ပေးလှူ၏" ဟု ပြောဆိုနေကြရာ မြတ်ဘုရား ကြားသိတော်မူ၍....

"ယခုအခါ ကောသလမင်းကြီးသာမဟုတ်၊ ရှေးပညာရှိတို့သည် စိစစ်ရွေးချယ်ချ်၍ အလှူကြီးကို ပေးဖူးကုန်ပြီး"ဟု အကိတ်ဇာတ်ကို ဟောတော်မူ၏။

www.dhammadownload.com



## အတိတ်ဇာတ်

လွန်လေပြီးသောအခါ သိဝတိုင်း ရောရုဝမြို့တွင် ရောရုဝ မင်းကြီးသည် တရားသဖြင့် မင်းပြု၏။ တိုင်းသူပြည်သားတို့ ကိုလည်း ရင်ဝယ်သားကဲ့သို့ကျင့်၏။ ခရီးသွားများ၊ သူတောင်း စားများတို့အား အလှူကြီး ပေးလေ့ရှိ၏။ မိဖုရားကြီးကား သုဒ္ဓဝိဇယာ အမည်ရှိ၏။

မင်းကြီးသည် မိမိအလှူကိုအားမရ၊ အလှူခံယူကြသူများမှာ သီလရှိသူများမဟုတ်ကြ၊ သီလရှိသော ပစ္စေကဗုဒ္ဓါများလည်း ဟိမဝန္တာ၌သာ ရှိသည်ဟု သိရသည်။ အဘယ်သို့ပင့်ရပါမည် နည်းဟု စဉ်းစားပြီး မိဖုရားကြီးကို တိုင်ပင်၏။

## အဓိဋ္ဌာန် သီလ ဆောက်တည်ကြ

ထိုအခါ မိဖုရားကြီးက ....

"အရှင်မင်းကြီး မစိုးရိမ်ပါလင့်၊ အကျွန်ုပ်တို့ လှူချင်ဇော စေတနာ၏အာနုဘော်၊ သီလ၏ အာနုဘော်ဖြင့် (ပန်းတို့ကို စေလွှတ်၍) ပင့်ပါမည်၊ ရောက်သောအခါ ပြည့်ပြည့်စုံစုံ ပေးလှူမည်" ဟု လျှောက်ထား၏။

ထို့နောက် မြို့ကိုစည်လည်စေပြီး တစ်မြို့လုံးဥပုသ်ဆောက် တည်ကြစေ၏။ မင်းကြီးမှစ၍ အားလုံးဥပုသ်ဆောက်တည်ပြီး ကြီးစွာသောအလှူဝတ္ထုတို့ကို စီရင်၏။

## အဓိဋ္ဌာန်ပန်းဖြင့်ပင့်ခြင်း

ထို့နောက် ရွှေအုပ်တွင်မုလေးပန်းအပြည့်ထည့်လျက် နန်း ရင်ပြင်မှ ရှေ့သို့မျက်နှာမူကာ ထိခြင်းငါးပါးဖြင့် ရှိခိုး၍....

www.dhammadownload.com



"အကျွန်ုပ်တို့ကို သနားတော်မူသောအားဖြင့် အကျွန်ုပ်တို့၏ဆွမ်းကို အလှူခံယူရန် ကြွတော်မူပါ" ဟု ဆိုလျက် အရှေ့အရပ်သို့ ပန်းဆုပ်များကိုပစ်၏။ အရှေ့အရပ်၌ ပစ္စေကဗုဒ္ဓါတို့မရှိသောကြောင့် နောက်တစ်နေ့၌ မကြွလာကုန်။

ဒုတိယနေ့တွင် တောင်အရပ်သို့ မျက်နှာမူလျက် ဤနည်းအတိုင်း ပင့်လျှောက်၏။

တတိယနေ့တွင် အနောက်အရပ်သို့၊

စတုတ္ထနေ့တွင် မြောက်အရပ်သို့လှည့်၍ ပန်းတို့ကို ပစ်၍ ပင့်လျှောက်ပြန်၏။

ပန်းတို့သည် ဟိမဝန္တာ နန္ဒမူလိုဏ်ဂူရှိ ပစ္စေကဗုဒ္ဓါ ခုနစ်ပါးတို့၏ထံပါး၌ကျကြ၏။

## အဓိဋ္ဌာန်မြောက်ကာ ကြွရောက်လာ

ပစ္စေကဗုဒ္ဓါတို့သည် မုလေးပန်းတို့အကြောင်းကို ဆင်ခြင်လတ်သော် ရောရုဝမင်းကြီး၏ ပင့်ဖိတ်သည့် အကြောင်းကို သိတော်မူ၍ သံဃာ့ထေရ်သည် ပစ္စေကဗုဒ္ဓါတို့ကို ခေါ်၍...

"အရှင်တို့၊ မနက်ဖြန် ရောရုဝမင်းကြီးအလှူကို အထောက်အပံ့ပြုကြပါ"ဟု အကြောင်းကြား၏။

နောက်တစ်နေ့တွင် ပစ္စေကဗုဒ္ဓါ ခုနစ်ဆူတို့သည် ကောင်းကင် ခရီးဖြင့် ကြွလာတော်မူကြပြီး၊ မင်းရင်ပြင်၌ ဆင်းသက်တော်မူကြ၏။

မင်းကြီးလည်းဝမ်းသာလွန်းလှသဖြင့်နန်းပြာသာဒ်ပေါ်သို့ ပင့်ဆောင်၍ ဆွမ်းလုပ်ကျွေးပြီး ကြီးစွာသော ပူဇော်သက္ကာရ

www.dhammadownload.com



ပြုပြီး နောက်နေ့များတွင်လည်း ကြွတော်မူပါရန် ပင့်လျှောက်၏။

## အာဒိတ္တသုတ္တန်

ခုနစ်ရက်မြောက်နေ့၌ ပရိက္ခရာများနှင့်တကွ လှူဒါန်းလေ၏။

ထိုအခါ သံဃာ့ထေရ်သည် မင်းနှင့် မိဖုရားတို့၏ အလှူကို ခံယူ၍ အနုမောဒနာပြုလို၍ (အာဒိတ္တသို့၊ အဂါရသို့) အစချီသော နှစ်ဂါထာဖြင့် ဟောကြားတော်မူသည်ကာ....

## မီးလောင်အိမ်ကြီးထဲမှထုတ်ယူပါ

"မြတ်သော မင်းကြီး၊ မီးကြီးလောင်၍ ဟူးဟူးပြောင်ပြောင် တောက်လောင်နေသော အိမ်ကြီးထဲမှ ထုတ်ဆောင်ယူငင်၍ရသော ပစ္စည်းသည်ကား မီးလောင်ခြင်းမခံရပေ။

ထိုသို့ ထုတ်ဆောင်၍ရသော ပစ္စည်းသည် အိမ်ရှင်တို့ အကျိုးဗှာဖြစ်သကဲ့သို့ ....

ထို့အတူ.... လောကကြီး၌ အိုခြင်းမီး၊ နာခြင်းမီး၊ သေခြင်းမီး၊ လောဘမီး၊ ဒေါသမီး တို့သည် ဟူးဟူး ပြောင်ပြောင် တောက်လောင်လျက်ရှိနေ၏။

ပညာဉာဏ်နှင့် ပြည့်စုံသူတို့သည် ဤသို့တောက်လောင်နေသော လူ့လောကအိမ်ကြီးထဲမှ မိမိ၏ပစ္စည်းများကို ပေးကမ်းလှူဒါန်းခြင်းတည်းဟူသော ဒါနအမှုဖြင့် ထုတ်ဆောင်ရာ၏။

ဤပေးကမ်းလှူဒါန်းခြင်းတည်းဟူသောအလှူဒါနပစ္စည်းများသည်သာ မီးလောင်အိမ်ကြီးထဲမှ ထုတ်ဆောင် ယူငင်၍ ရသောပစ္စည်းမည်၏။

www.dhammadownload.com



ထိုဒါနသည် ပေးကမ်းလှူဒါန်းသူ၏။ အကျိုးငှာဖြစ်၏။

ဤနှစ်ဂါထာတို့ဖြင့် အနုမောဒနာပြုပြီးလျှင် မင်းကြီးအား ဆုံးမ၍ ကောင်းကင်သို့ပျံ၍ပြာသာဒ်အထွတ်ကိုနှစ်ခြမ်းခွဲလျက် နန္ဒမူလိုဏ်ဂူသို့ ကြွလေသည်။

မင်းကြီးနှင့်မိဖုရားတို့သည် တစ်ကိုယ်လုံးဝမ်းမြောက်သော ပီတိတို့ဖြင့် ပျံ့နှံ့ပြည့်လျှမ်းကြရ၏။

ကျန်ရှိသော ပစ္စေကဗုဒ္ဓါ ၉–ပါးတို့ အသီးသီးတရားဟော ကြားကြသည်ကား ....

## ငရဲမှလွတ်နည်း

"မြတ်သောမင်းကြီး –

ရဟန္တာ ပုဂ္ဂိုလ်မှအစ ဝိပဿနာ ပွားများသော ပုဂ္ဂိုလ်များအထိ၊ တရားထူးရသော ပုဂ္ဂိုလ်တို့အား ကြိုးစားရှာဖွေ ရရှိသော ပစ္စည်းဥစ္စာများမှ ဦးဦးဖျားဖျား လှူဒါန်းသောသူ သည် ငရဲမှလွတ်မြောက်၊ နတ်ပြည်သို့ ရောက်ရ၏"ဟု ဟောကြားတော်မူ၏။

## လှူဒါန်းခြင်းနှင့်စစ်တိုက်ခြင်း

ထိုနောက် အရှင်ပစ္စေကဗုဒ္ဓါတစ်ပါးက....

"မြတ်သောမင်းကြီး –

ပညာရှိတို့က အလှူပေးခြင်းနှင့် စစ်တိုက်ခြင်းတို့သည် တူကြ သည်ဟု ဆိုကြကုန်၏။

www.dhammadownload.com



စစ်တို့သဘောမှာ အင်အားနည်းသော်လည်း ဉာဏ်ရှိလျှင် များသောစစ်သည်တို့ကို အောင်နိုင်၏။

အလှူတို့ သဘောသည်လည်း နည်းပင်နည်းသော်လည်း အသိဉာဏ်ကိုယှဉ်၍ လှူဒါန်းပါက များသောကိလေသာတို့ကို အောင်နိုင်၏။

## နည်းနည်းပင် လှူနိုင်,လှူနိုင်

"အလှူဝတ္ထုပင် နည်းသော်လည်း ကံ,ကံ၏အကျိုးကို ယုံကြည်လျက် လှူဒါန်းပါက တမလွန်ဘဝ၌ ချမ်းသာနှင့်ပြည့်စုံ၏"ဟု ဟောကြားတော်မူ၏။

## လယ်ယာမြေကောင်းစိုက်လျှင်ကောင်း

ထိုနောက် အရှင်ပဓွေကဗုဒ္ဓါ တစ်ပါးက....

"မြတ်သောမင်းကြီး....

အလှူဝတ္ထုနှင့် အလှူခံဝတ္ထုတို့ကို စိစစ်ရွေးချယ်၍ ပေးလှူသော အလှူကို ဘုရား အစရှိသော သူတော်ကောင်းတို့ ချီးမွမ်း၏။

ဤလူ့ပြည်၌ ဘုရားအစရှိသော မြတ်သော အလှူခံပုဂ္ဂိုလ်တို့အား လှူခြင်းသည် လယ်ယာမြေကောင်းမှ စိုက်သော မျိုးစေ့ကဲ့သို့ အကျိုးကြီးကုန်၏။"

ဟု ဟောကြားတော်မူ၏။

## သူတစ်ပါးတို့ကဲ့ရဲ့မှာ ရှက်ကြ၊ ကြောက်ကြပါ

ထိုနောက် အရှင်ပဓွေကဗုဒ္ဓါတစ်ပါးက ....

မြတ်သောမင်းကြီး....

www.dhammadownload.com



သက်ရှိသတ္တဝါတို့ကို ကြင်နာသနား မေတ္တာ ထား၍ ညှင်းဆဲခြင်း မပြုသောသူသည် သူတစ်ပါးတို့ ကဲ့ရဲ့မည်ကို ကြောက်သောကြောင့် မကောင်းမှုကို မပြုကြ။

သူတစ်ပါးတို့ ကဲ့ရဲ့မည်ကို ကြောက်သောသူတို့ကို ပညာရှိတို့ ချီးမွမ်းကြ၏။

"သူတစ်ပါးတို့ ကဲ့ရဲ့မည်ကို ကြောက်ကြသောကြောင့်သာ သူတော်ကောင်းတို့သည် မကောင်းမှုကို မပြုကြကုန်"

ဟု ဟောကြားတော်မူ၏။

## စင်ကြယ်ကောင်းမြတ်သော အကျင့်များ (သီလ)

ထိုနောက် ပစ္စေကဗုဒ္ဓါတစ်ပါးက —

"မြတ်သောမင်းကြီး —

အနိမ့်ဆုံးဖြစ်သော ကာမချမ်းသာကို တောင့်တ၍ ကျင့်သော သီလဟူသည့် ဗြဟ္မစရိယ အကျင့်ဖြင့်ပင် မင်းမျိုး၌ ဖြစ်ရသေး၏။

အလယ် အလတ်ဖြစ်သည့် ဈာန်သမာပတ်တည်း ဟူသော စင်ကြယ်သည့် အကျင့်ကို ကျင့်ခြင်းဖြင့် နတ်ပြည်၊ ဗြဟ္မာ့ပြည် ရောက်ရ၏။

မွန်မြတ်သည့် အရဟတ္တဖိုလ်တည်းဟူသော စင်ကြယ်သော အကျင့်ဖြင့် ကာမမှလည်းကောင်း၊ ဝဋ်ဆင်းရဲမှလည်းကောင်း စင်ကြယ်ရ၏။

ဟု ဟောကြားတော်မူ၏။

ထိုနောက် ခြောက်ပါးမြောက် ပစ္စေကဗုဒ္ဓါအရှင်မြတ်က —

www.dhammadownload.com



"မြတ်သောမင်းကြီး....

စင်စစ် အလ္လူဒါနသည် မြတ်၏။

အလ္လူဒါနထက် သမထ,ဝိပဿနာ တရားအစုသည် မြတ်၏

မြတ်သထက် အမြတ်ဆုံးဖြစ်၍ ဤ ဘဒ္ဒကမ္ဘာ၏ ရှေးဦးစွာသော ကဿပဘုရားမှ အစပြုသော သူတော်ကောင်းတို့ သည်လည်းကောင်း၊ အလွန်ရှေးဖြစ်သော ဝေဿဘူရားစသော သူတော်ကောင်း တို့သည် လည်းကောင်း၊ သမထ ဝိပဿနာကို ပွားစေ၍ နိဗ္ဗာန်သို့ ရောက်ကြကုန်ပြီ"

ဟု မင်းကြီးအား အမြိုက်နိဗ္ဗာန်ကိုဟောကြားတော်မူကြပြီး သံဃာ့ထေရ်နည်းတူ ပရိက္ခရာနှင့်တကွ မိမိတို့ နေရာကို ကြွကြကုန်၏။

မင်းနှင့်မိဖုရားတို့သည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၍ သေလွန်သောအခါ နတ်ပြည်သို့ လားကြရကုန်၏။

## ဇာတ်ပေါင်းသော်

သမုဒ္ဒဝိဇယာ မိဖုရားသည်–ရာဟုလာ မယ်တော်၊

ရောရုဝမင်းကြီးသည်–ငါဘုရားဖြစ်လာ၏။

▲

www.dhammadownload.com



## အာဒိတ္တဇာတ်မှ မှတ်သားဖွယ်ရာများ

ပစ္စေကဗုဒ္ဓါ ခုနစ်ဆူတို့၏ တရားတော်များကို သီးခြား ထုတ်နုတ် တင်ပြရသော် —

(၁) မီးလောင်အိမ်ကြီးထဲမှ ထုတ်ဆောင်၍ ရသောပစ္စည်းသည် အိမ်ရှင်တို့ အကျိုးအတွက်ဖြစ်၏။ ထို့အတူ လောကကြီးသည် အိုခြင်းမီး၊ နာခြင်းမီး၊ သေခြင်းမီး၊ လောဘမီး၊ ဒေါသမီးတို့ဟူးဟူးပြောင်ပြောင် တောက်လောင်နေ၏။ ထိုမီး၁၁-ပါးဖြင့် တောက်လောင်နေသော လောကအိမ်ကြီးထဲမှ ပေးကမ်းလှူဒါန်းခြင်းဟူသော အလှူဒါနပစ္စည်းများသည် မီးလောင်အိမ်ကြီးထဲမှ ထုတ်ဆောင်ယူငင်၍ရသော ပစ္စည်းမည်၏။ ထိုဒါနအမှုသည် ပေးကမ်း လှူဒါန်းသူ၏ အကျိုးအတွက် ဖြစ်၏။

(၂) ရဟန်းပုဂ္ဂိုလ်မှအစ ဝိပဿနာ ပွားများသော ယောဂီပုဂ္ဂိုလ်များအထိ ဦးဦးဖျားဖျား လှူဒါန်းသော သူသည် နတ်ပြည်သို့ရောက်၏။

(၃) လှူဒါန်းခြင်းနှင့် စစ်တိုက်ခြင်း တူသည်ဟု ပညာရှိတို့ ဆိုကြ၏။ စစ်၏သဘောမှာ အင်အားနည်းသော်လည်း ဉာဏ်နှင့်ယှဉ်လျှင် များစွာသောစစ်သည်တို့ကို အောင်နိုင်၏။ အလှူတို့သဘောလည်းနည်းပင်နည်းသော်လည်း ဉာဏ်နှင့်ယှဉ်၍လှူဒါန်းလျှင် များစွာသောအကျိုးကို ရ၏။

www.dhammadownload.com



အလှူဝတ္ထုပြင် နည်းသော်လည်း ကံ၏ အကျိုးကို ယုံကြည်လှူဒါန်းပါက တမလွန်၌ ချမ်းသာနှင့်ပြည့် စုံ၏။

(၄) လှူဒါန်းရာတွင်အလှူဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်ကို စိစစ် ရွေးချယ် လှူရာ၏။ လယ်မြေကောင်းမှာ စိုက်သော မျိုးစေ့ကဲ့သို့ အကျိုးကြီး၏။

(၅) မေတ္တာ ထားတတ်သောသူ သူတစ်ပါးတို့ကဲ့ရဲ့မည်ကို ကြောက်သောသူတို့သည် မကောင်းမှုကိုမပြုကြ။

(၆) အနိမ့်ဆုံးဖြစ်သော သီလသည် ဗြဟ္မစရိယ အကျင့် ဖြင့်ပင် မင်းမျိုး၌ဖြစ်ရ၏။

အလယ်အလတ် ဖြစ်သည့် ဈာန်သမာပတ် အကျင့် သည် နတ်ပြည်၊ ဗြဟ္မာပြည်သို့ ရောက်ရ၏။

အမြတ်ဆုံးဖြစ်သည့် အရဟတ္တဖိုလ် တည်းဟူသော စင်ကြယ်သော အကျင့်ဖြင့် ဝဋ်ဆင်းရဲမှ လွတ်ရ၏။

(၇) မြတ်သောမင်းကြီး –
အလှူဒါနသည် အမှန်ပင်မြတ်၏။
အလှူဒါနထက် သမထ,ဝိပဿနာ တရားသည် မြတ် သည်ထက် အမြတ်ဆုံးဖြစ်၏။

သမထ,ဝိပဿနာကို ပွားစေ၍ နိဗ္ဗာန်သို့ ရောက်ကြ ကုန်ပြီ–ဟူသတည်း။

*

www.dhammadownload.com

## ၈။- အားထုတ်ကျင့်ကြံနည်းလမ်းမှန်

### (ဒုသကနိပါတ်၊ ၄၀၀၊ ကဏှဇာတ်)

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် –

သံဃာတော်အပေါင်းခြံရံလျက် စင်္ကြံကြွတော်မူစဉ် ပြုံးတော်မူသဖြင့် အရှင်အာနန္ဒာက ပြုံးတော်မူခြင်းအကြောင်းကို လျှောက်ထားမေးမြန်းရာ....

"ဤအရပ်တွင် ကဏှရသေ့ ဖြစ်ခဲ့ဖူးကြောင်း"ကို မိန့်တော်မူပြီး၊ အတိတ်ဇာတ်ကို ဟောကြားတော်မူသည်။

### အတိတ်ဇာတ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ် –

ကုဋေရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏားတစ်ယောက်သည် သားသမီးမရ၍ သားဆုတောင်းရာ ဘုရားလောင်းကို ဖွားမြင်၏။ အသားမည်းလွန်းသောကြောင့် "ကဏှ"ဟု အမည်ပေး၏။ အရွယ်ရောက်လျှင် တက္ကသိုလ်မှ ပညာသင် ပြန်လာပြီး သင့်လျော်သော အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ပြု၏။ အမိအဖတို့သေလွန်လျှင် စည်းစိမ်ဥစ္စာများကို အုပ်ချုပ်စီမံရ၏။

### သတိသံဝေ ရှုမြင်လေလျှင်

တစ်နေ့၌ ကဏှ သတို့သားသည် ပစ္စည်းစာရင်းများကို ကြည့်ရှုရင်း....

"ဥစ္စာရှင်တို့ ကွယ်လွန်သွားကြပြီ။

www.dhammadownload.com



"ဥစ္စာတို့သာ ကျန်ခဲ့ကြ၏။
"မည်သူမျှ ယူမသွားနိုင်ပေ။
"ငါသည် ဥစ္စာများကို ယူသွားမည်"
ဟု ကြံစည်ပြီးလျှင် ခုနစ်ရက်တိုင်အောင် အလှူကြီးပေး၏။ ပစ္စည်းများကျန်သေးသည်ကိုမြင်လျှင် ဘဏ္ဍာတိုက်ဖွင့်ပြီး –

"လိုချင်သူယူကြလော့"လျှဒါန်းစွန့်ကြဲပြီးလျှင် ဟိမဝန္တာသို့ဝင်ကာ ရသေ့ရဟန်းပြုလေ၏။

## ဓုတင်ဆောင်ကာ ရောင့်ရဲစွာဖြင့်

မွေ့လျော်ဖွယ်ရာ ဤအရပ်သို့ ရောက်လာလျှင် (ဣန္ဒရဏီ) အမည်ရှိသော သစ်ပင်ရင်းတွင် အဓိဋ္ဌာန်ပြုပြီးနေ၏။

အရညကဓုတင်၊ ရုက္ခမူဓုတင်၊ အဗ္ဗောကာသိဓုတင် နေသဇ္ဇိဓုတင်တို့ကို ဆောက်တည်၏။ ဆွမ်းကိုမစား၊ သစ်သီးဆွမ်းဘိုကို တစ်နေ့တစ်ကြိမ်သာစား၏၊ ဧကာသနိကဓုတင်ဆောက်တည်၏။ အလွန်အလိုနည်း၏။ ရောင့်ရဲ၏။

မကြာမြင့်မီ ဈာန်အဘိညာဉ်ကိုရလျက် ဈာန်ဖြင့်မွေ့လျော်နေ၏။

အခြားအရပ်သို့မသွား၊ သီးချိန်၌ အသီးကိုစားရ၏။ ပွင့်ချိန်၌ အပွင့်ကိုစား၏။ အသီးအပွင့်မရှိချိန်၌ အရွက်ကိုသာစား၏။

အရွက်မရှိသောအခါအခေါက်ကိုသာစား၍မြင့်မြတ်သော ရောင့်ရဲခြင်းဖြင့် ဤအရပ်မှာ ကြာမြင့်စွာ နေခဲ့ဖူး၏။

## သိကြားမင်းပင်မနေနိုင်

ကဏှ ရသေ့၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ မြဲကျောက်ဖျာပူလာ၏၊ ပူတတ်သော အကြောင်းများကာ....

www.dhammadownload.com



(၁) သိကြားသက်ကုန်၊

(၂) ကုသိုလ်ကောင်းမှုကုန်၊

(၃) တန်ခိုးကြီးသူတို့ သိကြားရာထူးကို လိုချင်၍၊

(၄) ရဟန်း,ပုဏ္ဏားတို့ သီလတန်ခိုး ကြီးမား၍၊

(၅) ဒါနတန်ခိုးဖြင့် ပူသော အခြင်းအရာကို ပြလေ့ရှိ၏။

သိကြားမင်း ရှုမျှော်ကြည့်လျှင်"ကဏှရသေ့၏ ပြင်းထန်သော အကျင့်ကြောင့် ဖြစ်ကြောင်းသိ၍ သစ်ပင်ရင်း နောက်မှ ရပ်လျက် –

"အကယ်ကို အသားမည်းသော သူက မည်းနက်သော မြေမှာ မည်းနက်သော သစ်သီးကို စားနေသည်မှာ မုန်းစရာကောင်းလှသည်"ဟု ရသေ့အား ကဲ့ရဲ့စကားဖြင့် အမျက်ထွက်မထွက်စုံစမ်း၏။

ကဏှရသေ့သည် ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ကြည့်သော် သိကြားမင်းဖြစ်ကြောင်းသိ၍ နောက်သို့လှည့်မကြည့်ဘဲ....

"သိကြားမင်း၊ အသားမည်းခြင်းသည် မည်းနက်သူဟု မခေါ်နိုင်ပါ၊ ကိုယ်တွင်း၌မကောင်းမှုများခြင်း ပြည့်နက်နေသူကား တကယ်မည်းနက်သူဖြစ်၍ ကိုယ်တွင်း၌ သီလ,သမာဓိစသော အနှစ်များဖြင့် ပြည့်ဝသောသူသည် အသားမည်းသော်လည်း စိတ်နှလုံး၌ (ဗြာဟ္မဏ)ဟု ခေါ်၏။"

ဟူ၍ သိကြားမင်းအားပြောကြားပြီး သတ္တဝါတို့အား မည်းနက်သော ကံအပြားတို့ကို အကျယ်ချဲ့ပြီး သီလ၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူးလျက် တရားဟောလေ၏။

www.dhammadownload.com



## လိုသောဆု လေးပါး

သိကြားမင်းသည် တရားတော်ကို နာရ၍ များစွာနှစ်သက် ဝမ်းမြောက်စွာဖြင့် "ရှင်ရသေ့၊ လိုသောဆုကိုတောင်းပါ" ဟုလျှောက်ထား၏။

ရသေ့က –

"သိကြားမင်း သင် ဆုပေးလိုဗြားအံ့ ငါသည် အလွန် အမျက်မထွက်သူ အဖြစ်၊ အလွန် မပြစ်မှားသူအဖြစ်၊ အလွန် တပ်စွမ်းခြင်းမရှိသူအဖြစ်၊ အလွန်ချစ်ခင်ခြင်းမရှိသူ အဖြစ် ဤဆုလေးပါ ကို ပေးပါ"ဟု တောင်း၏။

ရသေ့သည် သိကြားမင်း မပေးနိုင်မှန်းသိလျက်၊ သိကြား အဖြစ်ကို လိုချင်၍ တရားကျင့်သုံးသည်ဟု ယုံမှား သံသယ ကင်းအောင် တောင်းခြင်းဖြစ်၏။

သိကြားမင်းက "ဤလေးပါး၌ အဘယ်အပြစ်ကို မြင်၍ ပါလဲ"ဟု မေး၏။

ရသေ့က "သိကြားမင်း နာယူလော့"ဟု ပြောဆို၍ –

"သည်းမခံခြင်းကြောင့် ရှေးဦးစွာ အမျက် အနည်းငယ် ဖြစ်၏။ နောက်များစွာဖြစ်၏။ အဆင့်ဆင့်ပွား၏။ စိတ်ထဲ၌ စွဲပြီး ကိုယ်စိတ်ဆင်းရဲကို များစွာ ဖြစ်စေ၏။ ထို့ကြောင့် ငါသည် အမျက်ထွက်ခြင်းကို မနှစ်သက်

"သိကြားမင်း၊ ပြစ်မှားခြင်းဒေါသကား ကောခကြောင့် ဖြစ်၏။ ဒေါသဖြင့်အမျက်ထွက်ပြီး ပြစ်မှားသူအား ကြမ်း ကြုတ်စွာပြောမိ၏။ ထို့နောက် လက်ပါလာ၏၊ ထိုနောက် တုတ်ဖြင့်ရိုက်၏၊ ထို့နောက် ဓားစသောလက်နက်ဖြင့်သတ်၏။ ထို့ကြောင့် ပြစ်မှားခြင်း ဒေါသကို ငါမနှစ်သက်။

www.dhammadownload.com



"သိကြားမင်း၊ တပ်မက်ခြင်း လောဘကား လုယက်ယူ၏၊ လက်နက်ဖြင့် နိုင်အထက်ယူ၏။ လိမ်လည်လှည့်စား၍ယူ၏။ ဤသည်တို့မှာ သူတစ်ပါး ပစ္စည်းကို တပ်မက်လောဘရှိသူတို့မှာ အထင်အရှားရှိကြ၏။ ထို့ကြောင့်တပ်မက်ခြင်း လောဘကို ငါမနှစ်သက်"

"သိကြားမင်း သတ္တဝါသခ်ါရတို့၌ စေးကပ် ငြိတွယ်တတ်သော တဏှာစေးဖြင့် စေးကပ်စွာ ငြိတွယ်တတ်သော စိတ်ကြောင့် ဖြစ်သော အဘိဇ္ဈာကာယဂန္ထ စသော များစွာသောအကုသိုလ်တရားတို့သည် အဖန်ဖန်ဖြစ်တတ်၏၊ ပြင်းစွာ ပူပန်စေတတ်၏၊ ထို့ကြောင့် အဘိဇ္ဈာ ကာယဂန္ထ စသော အကုသိုလ်တရားတို့ကို ငါမနှစ်သက်"

ဟု သိကြားမင်းအား ရှင်းလင်းဖြေကြား၏။

သိကြားမင်းလည်း များစွာ အားရနှစ်သက်လှ၍

"အလိုရှိရာ အခြားဆုကို တောင်းပါဦး" ဟုလျှောက်၏။

"သိကြားမင်း၊ သင်ဆုပေးလိုက တော၌တစ်ယောက်ထီး တည်းနေရပါသော ငါ့အား ကျင့်ဆောင် အားထုတ်မှု၏။ အန္တရာယ်ဖြစ်သည့် ပြင်းထန်သောအနာရောဂါ ကင်းသည့် ဆုကိုပေးပါ"ဟု တောင်း၏။

သိကြားမင်းသည် ဤရသေ့ကား ပစ္စည်းလေးပါးနှင့် စပ်သောဆုကိုမယူ၊ ခြိုးခြံမှုနှင့် စပ်သော ဆုကိုသာယူ၏ ဟူ၍ အလွန့်အလွန် ကြည်ညိုလှ၍ "အရှင် ရသေ့....အခြားဆုကို တောင်းပါဦး"ဟုလျှောက်ထားပြန်၏၊ ထိုအခါ ကဏှရသေ့က....

"သိကြားမင်း၊ အကယ်၍ ငါ့အား ဆုပေးလိုလျှင် ငါ့ အကြောင်းကြောင့် တစ်စုံတစ်ယောက်သော သတ္တဝါအား

www.dhammadownload.com



တစ်ရံတစ်ခါမှ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရတို့၏ဒုစရိုက်တရားကို မပွားများစေမည့်ဆုကို ပေးပါ”ဟု တောင်း၏။

ဤဆုကို သိကြားမင်းမပေးနိုင်ကြောင်းသိ၏၊ တရားဟောဆုံးမလိုသဖြင့်သာ ပြောခြင်းဖြစ်၏။

ထို့နောက်သိကြားမင်းသည် ရသေ့ကြီးနေသော သစ်ပင်ကို ချိုမြိန်သောအသီးတို့နှင့် ပြည့်စုံစေ၍ ရှိခိုးကန်တော့ပြီးလျှင် တာဝတိံသာသို့ ပြန်သွားလေ၏။

ကဏှရသေ့လည်း မမေ့မလျော့ အားထုတ်ခြင်းဖြင့် စုတေလျှင် ဗြဟ္မာပြည်သို့လား၏။

## ဇာတ်ပေါင်းသော်

ထိုအခါသိကြားမင်းသည် အရှင်အနုရုဒ္ဓါ၊
ကဏှရသေ့သည် ငါဘုရား–
ဟု ဇာတ်တော်ကိုပေါင်း၏။

❁

**(မှတ်ချက်)** ကဏှရသေ့ကြီး အားထုတ်ရာ (ကာဠန္တဝါရဏီ) သစ်ပင်ကို “နတ်ပင်၊ သခွါးပင်”ဟု ဖော်ပြကြ၏။ ဝိသုဒ္ဓါရုံမှ၊ အဘိဓာန် နိဿယတွင်မူ ကာဠန္တဝါရဏီကား ကာဠန္တဝါရည်၊ ဝိသာလဖရဲစား ဟုဖွင့်ဆို၍ ဆပ်ပြာမြေ၊ သဲမြေတို့၌ အပေါက်များ၏၊ ၎င်း၏အရွက်ကား ရှည်၏၊ လက်ခြားပါ၏၊ အပွင့်ဝါ၏၊ အသီး၌ သေးမျှင်သော ဆူးရှိ၏၊ အချို့နီ၏၊ အချို့ဝါ၏ဟု ဆေးကျမ်းတို့၌ဆို၏ ဟု မှတ်ချက်ပြုထား၏။

www.dhammadownload.com

# ၃။ သောဘ်စားသူနှင့်နေ့ဘစ်ကော်ဥပုသ်

(တိံသနိပါတ် ၅၁၀၊ ကိံဆန္ဒဇာတ်)



ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်–ဥပုသ် ဆောက်တည်သော ဒါယကာ၊ ဒါယိကာမတို့ကို အကြောင်းပြု၍ ဟောတော်မူသည်။

www.dhammadownload.com



## တံစိုးလက်ဆောင်စားသော ပုရောဟိတ်

## အဂေဟိတ်ဇာတ်

ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် စိုးစံစဉ်–

ထိုမင်းသည် သဒ္ဓါတရားနှင့်ပြည့်စုံ၏။ အလှူပေးခြင်း၊ သီလစောင့်သုံးခြင်း၊ ဥပုသ်ဆောက်တည်ခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလေ့ရှိ၏။ မှူးမတ်တို့ကိုလည်း ပြုလုပ်စေ၏။ ပုရောဟိတ် ပုဏ္ဏားကား စဉ်းလဲသော တရားသူကြီးဖြစ်၏။ တံစိုးလက်ဆောင် စားလေ့ရှိ၏။

ဥပုသ်နေ့ ညီလာခံ၌ မင်းကြီးက ပုရောဟိတ်ကို "ဥပုသ်ဆောက်တည်ပါသလော" ဟုမေး၏။ ပုရောဟိတ်သည် "ဆောက်တည်ပါ၏" ဟုမဟုတ်မမှန် မုသားပြော၏။ နန်းပြသာဒ်မှဆင်းလာသော အမတ်တစ်ယောက်က ပုရောဟိတ်အား "ဆရာသည် ဥပုသ် မဆောက်တည်ပါ!" ဟု ပြော၏။ ပုရောဟိတ်က "အိမ်ပြန်ရောက်လျှင် ဥပုသ်ဆောက်တည်မည်၊ နေ့တစ်ဝက် ဥပုသ်တော့ရပေမည်" ဟု ပြော၏။ အိမ်သို့ရောက်လျှင် ပြောသည့်အတိုင်း လုပ်သဖြင့် နေ့တစ်ဝက်ဥပုသ်ကိုရ၏။

### ပုရောဟိတ်၏ဒါန

တစ်နေ့သ၌ တရားရုံးတွင် အမှုတင်လာသော သီလရှိသည့် မိန်းမတစ်ယောက်သည် အိမ်ပြန်ခွင့်မရသဖြင့် နေ့မွန်းတည့်နီးလတ်သော် သီလဆောက်တည်မည်ဟု ခံတွင်းကိုဆေးရန်ပြင်ဆင်နေ၏။

www.dhammadownload.com



ပုရောဟိတ်မြင်လျှင် "နမ၊သင်သည် ဤသရက်သီးကိုစား၍ ဥပုသ်ဆောက်တည်လော့"ဟုဆို၍သရက်သီးကိုပေး၏။မိန်းမလည်း သရက်သီးကိုစား၍ ဥပုသ်ဆောက်တည်၏။ ပုရောဟိတ်ပုဏ္ဏား၏တစ်သက်တွင် ဤသရက်သီးကိုပေးလှူခြင်း ဒါနအမှုတစ်ခုသာရှိ၏။

## နေ့တစ်ဝက်သီလနှင့်သရက်သီးဒါနအကျိုး

ပုရောဟိတ်ပုဏ္ဏား သေလွန်သောအခါဟိမဝန္တာ၌ရှိ ကောသိကီမြစ်အနားဌ်ယူဇနာသုံးဆယ်ရှိသောသရက်ဥယျာဉ်တွင်းရှိ ရွှေဗိမာန်တစ်ခု၌ ဝေမာနိက နတ် ပြိတ္တာဖြစ်၍ ညအခါ၌ တစ်သောင်း ခြောက်ထောင်သော နတ်သမီးအခြံအရံဖြင့် နတ်စည်းစိမ်ကို ခံစားရ၏။

အရုဏ်တက်သည်နှင့်တစ်ပြိုင်နက် သရက်ဥယျာဉ်တွင်းသို့ဆင်းရ၏။ ချက်ချင်းပင် နတ်အသွင်ကွယ်ပျောက်၍ အတောင်ရှစ်ဆယ် ပမာဏရှိသော ပြိတ္တာကိုယ် ဖြစ်လာ၏။ တစ်ကိုယ်လုံးငရဲမီးဖြင့် လောင်ကျွမ်းလျက်၊ ပင်လုံးကျွတ်ပွင့်သည့် ရဲရဲနီသောပေါက်ပင်ကြီးသဏ္ဌာန် ဖြစ်လာ၏။ လက်နှစ်ဖက်တို့တွင် တစ်ဖက်စီ၌ လက်ချောင်းကြီးတစ်ချောင်းသာ ပေါက်၍ ထိုလက်ချောင်းမှ လက်သည်းမှာ ပေါက်တူးကြီးပမာဏရှိပြီး ထိုလက်သည်းဖြင့် သူ၏ကျောကုန်းသားကို ခွာ၍စားရ၏။ ဒုက္ခကြီးစွာခံစားရသဖြင့် ကျယ်လောင်စွာ အော်ဟစ်မြည်းတမ်းရ၏။

နေဝင်ပြန်သော် ပြိတ္တာကိုယ်ကွယ်၍ နတ်ဝတ်တန်ဆာနှင့်နတ်သားဖြစ်လာပြီး ရွှေဗိမာန်တွင် နတ်သမီးတို့နှင့် စံစားရပြန်၏။ နေ့ခံ၍ ညစံရသော ဝေမာနိက နတ်ပြိတ္တာ ဖြစ်၏။

www.dhammadownload.com



နေ့တစ်ဝက် သီလ ဆောက်တည် ဖူးသောကြောင့် ရွှေဗိမာန်၌ နတ်စည်းစိမ်ကို ခံစားရ၏။

ပုရောဟိတ်ဘဝက ဥပုသ် ဆောက်တည်သော မိန်းမအား သရက်သီးလှူခဲ့သော ကောင်းမှုကြောင့် ယူဇနာသုံးဆယ်ရှိသော သရက်ဥယျာဉ်ကိုရ၏။

လာဘ်စားသော မကောင်းမှုကံကြောင့်ပြိတ္တာဘဝနှင့် မိမိကျောကုန်းကိုခွာ၍ စားရသော ငရဲ၌ ခံရ၏။

## ဗာရာဏသီမင်း တောထွက်ခြင်း

မကြာမီ ဘုရားလောင်း ဗာရာဏသီမင်းသည် ထီးနန်းကိုစွန့်လျက် တောထွက်ပြီး ရသေ့ရဟန်းပြုကာ ဂင်္ဂါမြစ်နား၌ နေပြီး နေ့စဉ် ဆွမ်းခံ၍ အာဟာရကိုမျှတ၏။ တစ်နေ့သ၌ထို ဝေမာနိက ပြိတ္တာ၏ သရက်ဥယျာဉ်မှ မျောလာသည့်သရက်သီးကြီးတစ်လုံးကို ဆယ်ယူ၍ နေ့စဉ်မျှလောက်ရုံသာယူ၍စား၏။ သရက်သီး ကုန်သောအခါ အလွန် ချိုမြိန်လှသောသရက်သီး၏ "ရသတဏှာ"ကို စွဲလမ်းပြီး အခြား သစ်သီးများကို မစားနိုင်တော့ချေ။

ရသတဏှာဖောဖြင့် မြစ်နားသို့သွား၍ မြစ်ကိုကြည့်လျက် ထိုသရက်သီးမျိုးကို ရမှစားမည်။ မရလျှင် ငါ မထတော့ဟု စိတ်ကို ဆုံးဖြတ်ကာ ထိုင်လျက်နေ၏။ ခြောက်ရက်ပတ်လုံး အစာအဟာရကင်းကာ နေပူလေပူတို့ကြောင့် ခြောက်ကပ်လျက်နေ၏။

## မြစ်စောင့်နတ်သမီးကူညီ သရက်ဥယျာဉ်ဆီသို့

၇–ရက်မြောက်နေ့၌ မြစ်စောင့်နတ်သမီးသည် ရသေ့ထံလာ၍ "အိုရှင်ရသေ့၊ သင်သည်ဘာကိုအလိုရှိ၍ အဘယ်စိတ်

www.dhammadownload.com



ကူးနှင့် အဘယ်ကိုတောင့်တပြီး နေပူကြီးထဲ နေရသနည်း”ဟု မေး၏။

ရသေ့သည် နတ်သမီးစကားကို ကြားလျှင် မြစ်တွင်းမှ သရက်သီးရ၍ ထိုရသတဏှာ၌စွဲပြီး သရက်သီးကို မရလျှင် အသေခံတော့မည်ဟု နေပူကြီးထဲ၌ နေခြင်းဖြစ်ကြောင်းပြော ကြားပြီးနတ်သမီး၏အကြောင်းကိုမေးမြန်း၏။နတ်သမီးလည်း မိမိသည် ဤမြစ်ကိုစောင့်သော နတ်သမီးဖြစ်ကြောင်း ပြော ကြားပြီးနောက်၊ ဘုရားလောင်းရသေ့အား “သင်ရသေ့သည် ပညာကြီးသူဖြစ်ပါလျက် ရသတဏှာ၏အလိုသို့ မလိုက်ပါနှင့်၊ တပ်မက်ခြင်းတဏှာကိုတားမြစ်ပါ၊ သရက်သီး၌ တပ်မက်၍ သေလွန်ခဲ့သော် အင်အားပညာကြီးသူဟု ငါတို့ မအောက် မေ့နိုင်။

“ရှင်ရသေ့၊ တဏှာ၏အလိုကိုလိုက်သောသူကို ဗြဟ္မာနတ် ဒိဗ္ဗစက္ခုကိုရသော ရသေ့မြတ်တို့သည် သိကြကုန်၏။ ထိုသူ တို့၏ အလုပ်အကျွေးများကလည်း သိကြကုန်၏”ဟု

ရသတဏှာ၏ အလိုသို့ မလိုက်သင့်ကြောင်းကို ပြောကြား လျှောက်ထား၏။

နတ်သမီးသည် ရှင်ရသေ့အား–

“အို–ရှင်ရသေ့၊ သရက်သီးကို ရလိုကြောင်း သိရပါပြီ။ စွန့်နိုင်ခဲသော ထီးနန်းစည်းစိမ် ကာမဂုဏ်ကိုစွန့်၍ ငြိမ်းအေး ကြောင်းအကျင့်,ကို ကျင့်သည့်အတွက် သင့်ကိုပွေ့ပိုက်၍ သရက် ဥယျာဉ်သို့ပို့ပါအံ့။

www.dhammadownload.com



"အို–ရသေ့၊ ရှေးအနှောင်အဖွဲ့ကိုစွန့်ခဲ့ပြီး နောက်အနှောင်အဖွဲ့၌ တည်သောသူသည် မကောင်းသောအကျင့်ကို ကျင့်သည်မည်၏။ ထိုသူအား မကောင်းမှုသည်လည်း ပွား၏။ သရက်ဥယျာဉ်၌ လိုသလောက်စား၍ မက်မောခြင်းတဏှာကို ဖြည့်ပါလော့"ဟု လျှောက်ထားကာ သရက် ဥယျာဉ်သို့ ပို့လေ၏။

## နတ်ပြိတ္တာကိုတွေ့လေလျှင်

ဘုရားလောင်းရသေ့သည် သရက်ဥယျာဉ်ဝယ် သရက်သီးတို့ကို လိုသလောက်သုံးဆောင်၍ ချမ်းမြေ့စွာနားနေပြီး သရက်ဥယျာဉ်ကိုလှည့်လည်ကြည့်ရှုရာ၊ ကျောက်နှန်းသားကိုခွာစား၍ ဆင်းရဲဝေဒနာ ခံစားနေရသော ဝေမာနိကပြိတ္တာကိုမြင်လျှင် တစ်စုံတစ်ရာ စကားမဆိုနိုင်ဘဲရှိလေ၏။

နေဝင်လျှင် နတ်အသွင်ဖြင့် နတ်သမီးများခြံရံလျက် နတ်စည်းစိမ် ခံစားနေသည်ကို တွေ့ရပြန်လျှင် နတ်ထံသွား၍ အဘယ်ကောင်းမှုကြောင့် စံစားရသနည်း၊ အဘယ်မကောင်းမှုကြောင့်မိမိကျောက်နှန်းသားကိုစားကာ ဒုက္ခဝေဒနာခံစားရသနည်းဟုမေးသော် "အရှင်မင်းမြတ်၏ပုရောဟိတ်ပြစ်စဉ်က တံစိုးစားခဲ့သော မကောင်းမှုကြောင့် အရှင်မင်းမြတ်ကိုမှီ၍ နေ့တစ်ဝက် စောင့်ခဲ့ရသော သီလ၏ ကုသိုလ်ကံကြောင့် ဤသို့ ခံစားရကြောင်း လျှောက်ထား၏။

## ဇာတ်ပေါင်းသော်

နတ်သမီးသည်– ဥပ္ပလဝဏ်၊

ရသေ့သည်– ငါဘုရားဖြစ်လာ၏။

❖

www.dhammadownload.com

(၅၇)

# ၁၀။ ဥပုသ်သည့်ငါးဦးဝတ္ထု

## (၄၉၀။ ပဉ္စုပေါသထဇာတ်)

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်– ဥပုသ်ဆောက်တည်သော သီတင်းသည် ငါးရာတို့ကို အကြောင်းပြု၍ အတိတ်ဇာတ်ကို မဟာတော်မူသည်။

### အတိတ်ဇာတ်

ရှေးလွန်လေပြီးသောအခါ အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကာသိတိုင်း၊ ဤတိုင်းကြီးသုံးတိုင်းတို့အလယ်၌ မွေလျော်ဖွယ်ရှိသော တောအုပ်သည်ရှိ၏။ ဘုရားလောင်းသည် မာဂဓတိုင်းဝယ် ဗြာဟ္မဏ မဟာသာလမျိုး၌ ဖြစ်၏။ အရွယ်သို့ရောက်လျှင် စည်းစိမ် ဥစ္စာ ကာမဂုဏ်တို့ကိုစွန့်ပြီး ထိုတောအုပ်သို့ဝင်၍ ရသေ့ရဟန်းပြုကာ ကျောင်းသခ်မ်း ဆောက်လျက်နေ၏။

ရသေ့ကျောင်းအနီး ဝါးတော၌ ခိုလင်မယား နေ၍ တောင်ပို့တစ်ခု၌ မြွေသည် နေ၏။ ချုံတစ်ခု၌ မြေခွေးနေ၍ တောအုပ်၌ ဝံသည်နေ၏။ ထိုလေးဦးသော သတ္တဝါတို့သည် အမြဲမပြတ် ရသေ့ထံ ချဉ်းကပ်၍ တရားနာကြကုန်၏။

### သောကမီးငြိမ်းစေရန်

တစ်နေ့၌ ခိုလင်မယားသည် အစာရှာသွားခိုက် စွန်တစ်ကောင်းသည် ခိုမကိုသုတ်၍စား၏။ ခိုထီးသည် ခိုမနှင့်ကွေကွင်း

www.dhammadownload.com



ရခြင်းကြောင့် သောကမီးတော်က်လောင်၏။ သောကမီး ငြိမ်းစေရန် ရသေ့ကျောင်းသို့သွား၍ ဥပုသ်ဆောက်တည်၏။

## ဒေါသမီးငြိမ်းစေရန်

မြွေသည် တောင်ပို့မှထွက်၍ နွားတို့သွားရာလမ်း၌ အစာကို ရှာ၏။ ထိုအခါ ရှာစား၏ နွားလားဥသဘသည် ထိုတောင်ပို့၌ ချိသွေး၍ ခွာတို့ဖြင့် မြေတို့ကိုယက်၍ ကစား၏။ မြွေသည် ကြောက်လန့်ပြေးရာ နွားလားဥသဘသည်နင်းမိသဖြင့် မြွေသည် အမျက်ထွက်၍ကိုက်၏။ နွားလားဥသဘသည်သေ၏။ မြွေသည် ငါ၏ဒေါသကိုမှီ၍ နွားသေရသည်။ ထိုဒေါသကို နှိမ်မည်ဟု ရသေ့ကျောင်းသို့သွား၍ ဥပုသ်စောင့်၏။

## လောဘမီးငြိမ်းရန်

မြေခွေးသည် အစာရှာရန်သွားသော် ဆင်သေတစ်ကောင် ကိုမြင်လျှင် များစွာသော အစာကို ရရှိပြီဟု ဝမ်းမြောက် ဝမ်းသာ နှာမောင်း၊ နားရွက်၊ ဝမ်းဗိုက် စသည်တို့၌ ကိုက်၍ စားရာ မာကြောလှသဖြင့် ကိုက်၍မရ(ဝစ္စမဂ်)စအိုကိုကိုက်ပြန် ရာ မုန့်ညက်ကို ကိုက်ရသကဲ့သို့ နူးညံ့သဖြစ့် စားရ၏။ နူးညံ့ လှ၍ လောဘ၏အစွမ်းဖြင့် ရှေးသို့ တိုး၍–တိုး၍ စားရာမှ ဆင်သေ၏ ဝမ်းဗိုက်တွင်းသို့ ရောက်သွား၏။ ဆင်ဝမ်းတွင်း၌ အူ,အသည်း,အသား၊ကြိုက်ရာစား၍ ရေဆာလာလျှင် သွေးကို သောက်၏။ အိပ်လိုက်၊ စားလိုက်နှင့် နှစ်ရက်–သုံးရက်ကြာသွား ၏။နေပူကြောင့် စအိုပေါက် ပိတ်သွား၏: ထွက်ပေါက်မရဘဲ ကြီးစွာ ဆင်းရဲရ၏။

www.dhammadownload.com



တစ်ဖန်မိုးရွာ၍ ရေနှုးကာထွက် ပေါက်ပွင့်လာသဖြင့် ကြောက်အားတကြီး အတင်းကုန်းထွက်၏။ ကျွတ်၍ အရေပါ စုတ်ကာ လွန်စွာဆင်းရဲရ၏။ ထိုအခါမြေခွေးသည် လောဘကို နှိမ်နင်းမည်ဟု ကျောင်းသို့သွား၍ ဥပုသ်စောင့်လျက် နေ၏။

## လောဘမီးငြိမ်းရန်

ဝံသည် စားနေကျစားကျက်လွန်၍ တောမှထွက်ခဲ့၏။မလ္လ တိုင်းရှိ ရွာသားတို့သည် ဝံလာသည့်သတင်းကြား၍ တုတ်၊ လှံတံ၊ လေး၊ မြားတို့ကို ကိုင်ဆောင်၍ ဝံအောင်းသည့်ချုံကို ဝန်းရံကြ၏။ ဝံသည် ကြောက်ရွံ့သဖြင့် ထွက်ပြေး၍လူတို့သည် လက်နက်တို့ဖြင့် ရိုက်ပုတ် ပစ်ခတ်ကုန်၏။ ဝံသည် ခေါင်းကွဲ လျက် သွေးများ ယိုစီးကျပြီး မိမိနေရာသို့ အရောက်ပြေး၏။ ငါသည် အလွန်အလိုကြီးသော လောဘကြောင့်ဖြစ်ရသည်ဟု လောဘကို နှိမ်နင်းရန် ကျောင်းသို့သွား၍ ဥပုသ်ဆောက်တည် လျက်နေ၏။

## မာနကို နှိမ်နင်းရန်

ရသေ့လည်း မာနကိုမှီ၍ ဈာန်အဘိညာဉ်တို့ကို မဖြစ်စေ နိုင်၊ ပစ္စေကဗုဒ္ဓါတစ်ဆူသည် ထိုအကြောင်းကိုသိတော်မူလျှင် ဤရသေ့သည်ကား ယုတ်ညံ့သောသူမဟုတ်၊ ဘုရားလောင်းတည်း၊ မာနကိုနှိမ်၍ ဈာန်အဘိညာဉ်တို့ကိုဖြစ်စေမည်ဟု ကြံစည်လျက် ဟိမဝန္တာမှ ကြွလာကာ ရသေ့၏ကျောင်းအနီး ကျောက်ဖျာ၌ နေ၏။

ထိုအခါ ရသေ့သည် ပစ္စေကဗုဒ္ဓါကိုမြင်လျှင် လက်ဖျစ် တီးလျက် "ဟယ်သူယုတ်ဦးပြည်း သွားလော့၊ အဘယ်ကြောင့်

www.dhammadownload.com



ငါ့နေရာသို့လာ၍ နေဘိသနည်း”ဟု ဆို၏။ ထိုအခါ ပစ္စေကဗုဒ္ဓါသည် “အို–သူတော်ကောင်း၊ အဘယ်ကြောင့် မာနကြီးဘိသနည်း၊ ငါကား ပစ္စေကဗုဒ္ဓါဖြစ်သည်၊ သင်သည် ဤကမ္ဘာ၌ပင် ဘုရားဖြစ်လတ္တံ့” စသည်ဖြင့် အမည် အမျိုး အဂ္ဂသာဝက စသည်တို့ကို ပြောကြားပြီး တစ်ဖန် “အို–သူတော်ကောင်း အဘယ်ကြောင့် မာနကြီးဘိသနည်း၊ ကြမ်းကြုတ်ဘိသနည်း၊ မသင့်လျော်”ဟု ဆုံးမတော်မူ၏။

ရသေ့သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်က ဆုံးမသော်လည်း မနာယူ၊ မိမိဇာတိမာန်ဖြင့် မာန်ရှိနေဆဲဖြစ်၏။ ထိုအခါ ပစ္စေကဗုဒ္ဓါက “သင်သည် ငါ၏ဂုဏ်ကျေးဇူးကို မသိ၊ သင် စွမ်းနိုင်ပါက ငါကဲ့သို့ ကောင်းကင်ပျံလော့”ဟု ပြောဆိုကာ ခြေမှုန့်တို့ကို ရသေ့၏ ဆံကျစ်ဝန်းပေါ်သို့ ကျစေပြီး မြောက် ဟိမဝန္တာသို့ ပြန်ကြွသွား၏။

ထိုအခါဘုရားလောင်းရသေ့သည် ထိတ်လန့်သွား၏၊ ဤရဟန်းကား ကောင်းကင် ပျံနိုင်၏။ ငါကား ဇာတိမာန် ကြောင့် ရှိမခိုးမိ။ ဘယ်အ ချိန်ကာလမှာ ဘုရားဖြစ်မည်နည်း ဟူ၍လည်း မမေးလိုက်မိ၊ အဘယ်သို့ ပြုရအံ့နည်း။ လောက၌ အကျင့်သီလသာမြတ်၏။ ငါသည်မာနကိုနှိမ်မည်ဟု ကသိုဏ်းပရိကံ ပွားများကာ ဈာန်အဘိညာဉ်တို့ကိုဖြစ်စေလျက် စင်္ကြံ ဦးရှိ ကျောက်ဖျာ၌ နေ၏။

## ဥပုသ်သည့်ငါးဦး

ထိုအခါ ခိုစသော သတ္တဝါ လေးဦးတို့သည် ရသေ့ထံ ချဉ်းကပ်၍ လျောက်ပတ်သောအရပ်၌နေကြကုန်၏။

www.dhammadownload.com



ရသေ့သည် ခိုကိုစ၍မေး၏၊ "အို–ခိုဖို၊ သင်သည် အစာရှာသွားချိန်ဖြစ်လျက် မသွားဘဲ အဘယ်ကြောင့် အဆာခံပြီးနေဘိသနည်း"ဟု မေး၏။

"အရှင်ဘုရား–ကျွန်ုပ်သည်ရှေးအခါက ခိုမနှင့်ပျော်မွေ့ခဲ့ပါ၏။ ခိုမကို စွန်ဖမ်းယူသွားခြင်းခံရ၍ ခိုမနှင့်ကွေကွင်းရသည့်အတွက် ဆင်းရဲရ၏။ ထိုကြောင့် ခိုမဉ ချစ်ခင်စွဲမက်သောရာဂကို နှိမ်လိုသဖြင့် အစာရှာ မသွားဘဲ ဥပုသ်ဆောက်တည်ပါ၏"ဟု ဖြေ၏။

ရသေ့သည် မြွေကိုမေးပြန်၏။ "အို–အသင်မြွေ၊ အဘယ်ကြောင့် အစာရှာမသွားဘဲ အဆာခံပြီး ဥပုသ်ဆောက်တည်နေဘိသနည်း"ဟု မေး၏။

"အိုရှင်ရသေ့–အကျွန်ုပ်သည် ရွာစားမင်း၏နွားအနင်းခံရ၍ ကိုက်ပေါက်မိရာ နွားသွားပါ၏။ ဒေါသအမျက်ကို နှိမ်နင်းလို၍ အစာရှာ မသွားဘဲ အဆာခံပြီး ဥပုသ်ဆောက်တည်ပါ၏"ဟု ဖြေ၏။

ရသေ့သည် မြေခွေးကိုမေးပြန်၏။

မြေခွေးကလည်း ဆင်သေ၏ ဝမ်းခေါင်းချောင်ပိတ်မိပြီး အတင်းရုန်းထွက်ရာမှ အမွေးတွေကျွတ်ရပုံ၊ အရေစုတ်ရပုံတို့နှင့် ဆင်းရဲကြီးပုံတို့ကို လျှောက်၏။ ထိုဒုက္ခကိုမှီပြီးဖြစ်ရသည့် အစာလောဘရမ္မက်ကို နှိမ်လို၍ အဆာခံကာ ဥပုသ် **ဆောက်တည်**ပါ၏"ဟု ဖြေ၏။

ရသေ့သည် ဝံကိုမေးပြန်၏။

www.dhammadownload.com



အို–ဝဲ၊ သင်သည် အစာရေစာ မွတ်သိပ်ခြင်းကို သည်းခံပြီး အဘယ်ကြောင့် ဥပုသ်ဆောက်တည်၍ နေဘိသနည်း”ဟု မေး၏။

“အို–ရှင်းရသေ့၊ ကျွန်ုပ်သည် အစာပေါ်၌ အလိုကြီးကာ နယ်လွန်ပြီးသွားမိ၍ ရွာသားတို့၏လက်ချက်ဖြင့် ခေါင်းကွဲခဲ့ရပါ၏။ ကြီးစွာသော ဆင်းရဲဖြစ်ပါ၏။ ထိုကြောင့် ဤဆင်းရဲကိုမှီပြီး ဖြစ်ရသည့် အလိုကြီးခြင်းကို နှိမ်၍ ဥပုသ်ဆောက်တည်ပါ၏”ဟု ဖြေသည်။

ဤသို့ခို၊ မြွေ၊ မြေခွေး၊ ဝံ၊လေးဦးသော သတ္တဝါတို့သည် မိမိတို့ ဥပုသ်ဆောက်တည်ခြင်းအကြောင်းအရင်းကို အသီးသီး လျှောက်ထားကြပြီး ရှိခိုးကာ ရသေ့အား–

“အရှင်ဘုရား–အရှင်ဘုရားတို့သည် သစ်သီးရှာသွားချိန်ဖြစ်ပါလျက် မသွားဘဲ ကြောင့်ကြမဲ့ ဆာလောင်မွတ်သိပ်ခြင်းကိုသည်းခံပြီး အဘယ်ကြောင့် ဥပုသ်ဆောက်တည်၍ နေပါသနည်း”ဟု မေးလျှောက်ကြကုန်၏။

“အချင်းတို့၊ ငါသည်လည်း ငါ၏ကျောင်းသို့ပစ္စေကဗုဒ္ဓါတစ်ပါးကြွလာ၍ လားရာဂတိ၊ အမည်၊ အမျိုးအနွယ်၊ အကျင့်တို့ကို ဆုံးမပါ၏။ ငါသည် မာနကိုမှီ၍ ရှိလည်းမခိုးမိ၊ မေးလည်းမမေးမိ၊ ထိုကြောင့် မိမိမာနကို နှိမ်လိုသဖြင့် ဥပုသ်ဆောက်တည်ပါ၏”ဟု ဖြေကြားပြီး သတ္တဝါလေးဦးတို့ကို ဆုံးမပြန်လွှတ်၏။ လေးဦးသောသတ္တဝါတို့လည်း ရသေ့အား ရှိခိုး၍ပြန်သွားကြ၏။

www.dhammadownload.com



ရသေ့သည်မယုတ်သောစျာန်ရှိသည်ဖြစ်၍ သေလွန်သော အခါ ဗြဟ္မာပြည်သို့လား၏။ လေးဦးသော သတ္တဝါတို့သည် လည်း ရသေ့၏အဆုံးအမခံ၍ သေလွန်သော် နတ်ပြည်သို့ လားကုန်၏။

ဇာတ်ပေါင်းသော်

နိုသည်–အနုရုဒ္ဓါ၊
ဝံသည်–ကဿပ၊
မြွေခွေးသည်–မောဂ္ဂလာန်၊
မြွေသည်–သာရိပုတ္တရာ၊
ရသေ့သည်–ငါဘုရားဖြစ်လာ၏။–
ဟု ဇာတ်တော်ကိုပေါင်း၏။

*

www.dhammadownload.com

## ၁၁။ ထီးနှင့်မိနပ်အလှူရှင် ဝတ္ထု
## (ဇာ၊ ၄၄၂၊ သစ်ဇာတ်)



### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်– သာဝတ္ထိပြည်မှ ဒါယကာတစ်ဦးသည် မြတ်စွာဘုရားနှင့် သံဃာတော်တို့အားပင့်၍ အလှူကြီးပေး၏။ ခုနစ်ရက်မြောက်

www.dhammadownload.com



နေ့၌ ဆွမ်းဘုဉ်းပေးပြီးလျှင် သက်န်း၊ သပိတ်စသော ပရိက္ခရာတို့ကိုပေးလှူ၏။ အထူးသဖြင့်ဖိနပ်ကိုအဓိကထား၍ လှူ၏။ဖိနပ်တစ်ရံလျှင် အသပြာတစ်ရာထိုက်တန်၏။ မြတ်စွာဘုရားသည် အနုမောဒနာပြုရာတွင် ဒါယကာ၊ သင်၏ အလုံးစုံသော ပရိက္ခရာအလှူသည် မွန်မြတ်၏၊ ဝမ်းမြောက်လော့၊ ဘုရားမပွင့်မီအခါ ဖိနပ်တစ်ရံကိုပေးလှူသော ကောင်းမှုကြောင့် သမုဒ္ဒရာအလယ် သင်္ဘောပျက်ရာတွင် ဆောက်တည်ရာကို ရဖူးပြီ”ဟု အတိတ်ဇာတ်ကို ဟောတော်မူသည်။

## အတိတ်ဇာတ်

မောဋ္ဌိနီပြည်(ဗာရာဏသီ)တွင် ဗြဟ္မဒတ်မင်း စိုးစံစဉ်–
သခ်ပုဏ္ဏားသည် ရှိ၏၊ ချမ်းသာ၏။
သဒ္ဒါတရားရှိ၏၊ တစ်နေ့ခြောက်သိန်းလှူဒါန်း၏။
တစ်နေ့တွင် သုဝဏ္ဏဘူမိသို့ ကုန်သွယ်သွား၏။
နေ့စဉ်အလှူဝတ်ကိုမပျက်ရန်လည်းမှာခဲ့၏။
နေ့လည် မွန်းတည့်ချိန် သင်္ဘောဆိပ်ဆင်း၏။
ဖိနပ်ကိုစီး၊ ထီးကိုဆောင်း၍ ဆင်း၏။

ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓါ တစ်ပါးက မြင်၏။
သခ်ပုဏ္ဏား ကုန်ကူးသွားရာ သင်္ဘောပျက်လိမ့်မည်၊ ယခုငါသွားလျှင် ထီးနှင့်ဖိနပ် လှူလိမ့်မည်၊ ထိုအလှူကြောင့် သင်္ဘောနစ်ရာတွင် ထောက်တည်ရာ ရလိမ့်မည်ဟု သင်္ဘောဆိပ်သို့ နေပူကျဲကျဲ ထီးနှင့်ဖိနပ်မပါဘဲ ကြွသွား၏။

သခ်ပုဏ္ဏားမြင်လျှင် **ထီးနှင့်ဖိနပ်ကိုလှူ၏။**
အလှူကို ဝမ်းမြောက်ကြည်**နူးနေ၏။**

www.dhammadownload.com



သဘော်ထွက်၏။ သမုဒ္ဒရာအလယ်တွင် သဘော်ပျက်၏။ သခ်ပုဏ္ဏားသည် အလုပ်အကျွေး တစ်ယောက်နှင့်အတူ လင်းယင်းတိုင်ထိပ်မှ တစ်အားခုန်၍ကူး၏။ ငါးလိပ်တို့ရန်မှာကင်း၍ အဖော်နှင့်အတူ နေ့ရောညပါ ကူးနေကြ၏။

## မဏိမေခလာ နတ်သမီး၏ တာဝန်

ခုနစ်ရက်မြောက်နေ့သည် ဥပုသ်နေ့ဖြစ်၏။

ဆားငန်ရေကို ပလုပ်ကျင်းပြီး ဥပုသ် ဆောက်တည်၏။

သမုဒ္ဒရာတွင် မဏိမေခလာစောင့်ရ၏။

ပင်လယ်တွင်း သဘော်ပျက်လျှင်–

ရတနာသုံးပါး ဆည်းကပ်သူ၊

သီလရှိသူ၊

မိဘကို လုပ်ကျွေးသူတို့ကို စောင့်ရှောက် ကယ်တင်ရန် တာဝန်ချထား၏။

မဏိမေခလာနတ်သမီးသည် ယနေ့မှ ပင်လယ်တွင်းကြည့်မိ၏။ သခ်ပုဏ္ဏားကို မြင်လေ၏။

အကျင့်သီလ ပြည့်စုံသူဖြစ်၏။ သခ်ပုဏ္ဏား ပျက်စီးလျှင် လောကပါလနတ်မင်းတို့ ပြစ်တင်စံရတော့မည်ဟု ထိတ်လန့်ပြီး နတ်ဘောဇဉ်တို့ကို ယူ၍ သခ်ပုဏ္ဏား၏ မျက်နှာချင်းဆိုင်မှ ရပ်လျက် နတ်ဘောဇဉ်ကိုစားရန်ကျွေး၏။ သခ်ပုဏ္ဏားကား–

"ငါဥပုသ်စောင့်ထားသည် မစားလို"ဟု ပြော၏။

www.dhammadownload.com



အဖော်ဖြစ်သူက နတ်သမီးကို မမြင်သဖြင့် သင်္ခသူဌေးသည် ခုနစ်ရက်မျှ ထမင်းမစားရ၍ ကယောင်ကတမ်းပြောနေသည်ဟုထင်၍ မေး၏၊ နတ်သမီးနှင့် စကားပြောကြောင်း ပြော ပြ၏။

## ထီးဖိနပ်အလှူ

ထိုနောက် မဏိမေခလာ နတ်သမီးက–

"သင်သည် ကောင်းမှုရှိသူလည်းဖြစ်သည်၊ သီလရှိသူလည်း ဖြစ်ပါသည်၊ သင်လိုသမျှတောင့်တပါ၊ ငါဖြည့်သွင်းပေးမည်" ဟုပြော၏။

ထိုအခါ သင်္ခပုဏ္ဏား စဉ်းစားပြီး မေးမြန်း၏။

"အို–နတ်သမီး၊ ငါမသိ၍ မေးပါရစေ၊ ငါသည် အမြဲ တမ်း အလှူကိုပေး၏။ ပစ္စည်းစုံလည်း လှူခဲ့၏။ ငါသည် ပင်လယ်တွင်း၌ ခုနစ်ရက်တိုင်တိုင် အန္တရာယ်မတွေ့ဘဲ နေနိုင် ခြင်းမှာ အဘယ်ကုသိုလ်၏ အကျိုးနည်း၊ ငါခွဲခြား သိလို ပါသည်၊ သင်သိလျှင် ဖြေကြားပါလော့" ဟု မေး၏။

ထိုအခါ နတ်သမီးက....

"သမုဒ္ဒရာအတွင်း၌ ဆောက်တည်ရာရခြင်းမှာ ထီးနှင့် ဖိနပ်လှူခဲ့သော အကျိုးပင် ဖြစ်သည်။ သင်၏ ကောင်းမှုများ အတွက် သင်လိုရာဆုကို တောင်းပါလော့" ဟု ထပ်မံပြော ပြန်၏။

ထိုအခါသင်္ခပုဏ္ဏားက "ငါအား မောဠိနီပြည်သို့ အမြန် ရောက်ရန်သာ ပို့ဆောင်ပေးပါလော့" ဟု ဆို၏။

www.dhammadownload.com



## အမျှဝေခြင်း၏အကျိုး

မဏိမေခလာနတ်သမီးသည် ရွှေ၊ငွေ၊ရတနာ အပြည့်ပါသော လှေကြီးတစ်စင်းကိုဖန်ဆင်း၍ ရင်ဖြင့် ပွေ့ပိုက်ကာ သင်္ဘောပေါ်သို့ တင်ပေး၏။ သခ်ပုဏ္ဏားသည် မိမိ အလုပ် အကျွေးဖော်အား မဏိမေခလာ မ,တင်ပေးသည်ကိုမြင်လျှင်

"ငါ၏ကုသိုလ်ကောင်းမှုတို့၏ အဖို့ဘာဂကို သင့်အားအမျှ ပေးဝေပါ၏" ဟုဆိုမှ မေခလာနတ်သမီးသည် ထိုသူအား ပွေ့ပိုက်၍ သင်္ဘောပေါ်သို့ တင်ပေး၏၊ သခ်ပုဏ္ဏားသည် မောဠိနီပြည်(ဗာရာဏသီပြည်)သို့ရောက်လျှင် ဒါနသီလတို့ကို အဆက်မပြတ်ပွား၏။ သေလွန်လျှင် နတ်ပြည်သို့လား၏။

## ဇာတ်ပေါင်းသော်

မဏိမေခလာနတ်သမီးသည်–ဥပ္ပလဝဏ်
သခ်ပုဏ္ဏားသည်–ငါဘုရား–
ဟု ဇာတ်တော်ကိုပေါင်း၏။

❀

www.dhammadownload.com

# နိဂုံး

ဤသို့လျှင်–

ငါးရာငါးဆယ် နိပါတ်တော်ကြီးမှ ဖတ်ရှုဖွယ်ရာအသွယ်သွယ် လူကြီး လူငယ်အရွယ်မရွေး အလွယ်တကူ ဝယ်ယူကြည့်ရှုနိုင်ကြစေရန် ရည်သန် ထုတ်ဝေသော ငါးရာ့ငါးဆယ် လက်ရွေးစဉ်များသည် အမှတ်စဉ်(၉) အထိ ပြုစုပြီးစီး အောင်မြင်ခဲ့ပါပြီ။

အမှတ်(၁)တွင် – သစ္စာအဓိဋ္ဌာန်းနှင့် မေတ္တာစွမ်းအား ဇာတ်တော်များ ဇာတ်ဝတ္ထုပေါင်း ၁၄–ပုဒ်။

အမှတ်(၂)တွင် – သိကြားမင်း၏ ခွေးနက်ကြီး ဝတ္ထုပါ ဇာတ်ဝတ္ထုပေါင်း ၂၀–ပုဒ်။

အမှတ်(၃)တွင် – မိန်းမတို့အကြောင်း အဆိုးအကောင်း ဇာတ်ဝတ္ထုပေါင်း ၁၁–ပုဒ်။

အမှတ်(၄)တွင် – သြော်မိန်းမ–သြော်မိန်းမ ဇာတ်ဝတ္ထုပေါင်း ၂၀–ပုဒ်။

အမဟာတ်(၅)တွင် – သူ့ကျေးဇူး – ကိုယ့်ကျေးဇူး ဝတ္ထုများ ကျေးဇူးဆပ်သူ–ကျေးဇူးကန်သူတို့ ဇာတ်ဝတ္ထုပေါင်း ၁၈–ပုဒ်။

အမှတ်(၆)တွင် – ဘုရားလောင်းတို့၏ (ပညာပါရမီ) ဇာတ်ဝတ္ထုပေါင်း ၁၈–ပုဒ်။

အမှတ်(၇)တွင် – ၁။ ပညာဉာဏ် ကြီးသူများဝတ္ထု ၁၄–ပုဒ်။

၂။ အစွဲအလန်းကြီးသူများဝတ္ထု ၄–ပုဒ်။

www.dhammadownload.com



အမှတ်(၈)တွင် – ဘုရားလောင်း တို့၏ (ဒါနပါရမီ၊ သီလပါရမီ)။
ဇာတ်ဝတ္ထုပေါင်း ၁၀–ပုဒ်။

အမှတ်(၉)တွင် – မိတ်ကောင်း ဆွေကောင်းများ အကြောင်း၊ နတ်ကြမ်း စိတ်ကြမ်း ရမ်းကားသူများ အကြောင်း–

စသည့် သင်ခန်းစာယူဖွယ်များကို ရွေးချယ်ထုတ်နုတ်စီစဉ် ရေးသား ပြီးစီးခဲ့ပါပြီ။ တစ်အုပ်ပြီး တစ်အုပ် အစဉ်အတိုင်း ထွက်ရှိလာပါလိမ့်မည်။

ဤသို့ မိမိဖတ်ရ မှတ်ရ ဆည်းပူးခဲ့ရသော ဗဟုသုတကို လူတိုင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ကြစေရန် စေတနာရှေ့ရှု၍ ရေးသားပြုစုခဲ့ရာ ၁၉၈၉ ခုနှစ်တွင် ထုတ်ဝေနိုင်ခဲ့ပါပြီ၊ မည်သို့ပင်ဖြစ်စေ အများအကျိုးရှိစေရန် မိမိ၏ ရည်သန်ချက် စေတနာ အောင်မြင်ထမြောက်ပြီဖြစ်၍ များစွာ ဝမ်းမြောက် ရပါကြောင်း

ဦးလှခင် (ဆန်းညွန့်ဦး)
၁၉၈၉– ခုနှစ်၊ ၁၃၅၁– ခု၊ နယုန်လ။

www.dhammadownload.com

ဦးလှခင် – ဆန်းညွှန့်ဦး
(လက်ရွေးစဉ် ငါးရာ့ငါးဆယ် နိပါတ်တော်ကြီး)

| | |
|---|---|
| အမှတ်(၁) | တွင် သစ္စာအဓိဋ္ဌာန်နှင့်မေတ္တာစွမ်းအား ဇာတ်တော်များ ဇာတ်ဝတ္ထုပေါင်း ၁၄ ပုဒ်။ |
| အမှတ်(၂) | တွင် သိကြားမင်း၏ ခွေးနက်ကြီး ဝတ္ထုပါ ဇာတ်ဝတ္ထုပေါင်း ၂၀ ပုဒ်။ |
| အမှတ်(၃) | တွင် မိန်းမတို့အကြောင်း အဆိုးအကောင်း ဇာတ်ဝတ္ထုပေါင်း ၁၀ ပုဒ်။ |
| အမှတ်(၄) | တွင် ဩော်မိန်းမ–မိန်းမ ဇာတ်ဝတ္ထုပေါင်း ၂၀ ပုဒ်။ |
| အမှတ်(၅) | တွင် သူ့ကျေးဇူး ကိုယ့်ကျေးဇူး ဝတ္ထုများ ကျေးဇူးဆပ်သူ ကျေးဇူးကန်းသူတို့ ဇာတ်ဝတ္ထုပေါင်း ၁၈ ပုဒ်။ |
| အမှတ်(၆) | တွင် ဘုရားလောင်းတို့၏ (ပညာပါရမီ) ဇာတ်ဝတ္ထုပေါင်း ၉ ပုဒ်။ |
| အမှတ်(၇) | တွင်၁။ ပညာဉာဏ်ကြီးသူများဝတ္ထု (၁၄)ပုဒ်။<br>၂။ အစွဲအလန်းကြီးများဝတ္ထု (၄)ပုဒ်။ |
| အမှတ်(၈) | တွင် ဘုရားလောင်းတို့၏ (ဒါနပါရမီ၊ သီလ၊ ပါရမီ)၊ ဇာတ်ဝတ္ထုပေါင်း ၂၀ ပုဒ်။ |
| အမှတ်(၉) | တွင် မိတ်ကောင်းဆွေကောင်းများအကြောင်း၊ နှုတ်ကြမ်း စိတ်ကြမ်း ရမ်းကားသူများ အကြောင်း။ |

နယ်မှမှာယူပါက စာတိုက်မှ VPP ဖြင့် ပို့ပေးပါမည်။
တင်တင်အေး ပိဋကတ် စာပေဖြန့်ချိရေးဌာန
အမှတ် ၁၄၊ ရွှေတိဂုံဘုရားကြီးတောင်ဘက်ဈေးတော်ရုံ။
(လကွယ်နေ့တိုင်း)ဆိုင်ပိတ်ပါသည်။ ရန်ကုန်မြို့။